www.burmeseclassic.com

ဝက်ကြီးစာပေ

BURMESE CLASSIC

တိမ်တိုက်ပိုညာဉ် တမလွန်အဝင်



www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ်

၅၀၁ ၂၄၃၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၆၃၁၁ ၂၀၈

ထုတ်ဝေခြင်း

၂၀၀၉ ခုနှစ်၊ ပထမအကြိမ်

အုပ်ရေ

၅၀၀

တန်ဖိုး

၁၀၀

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)

ရွှေနန်းသာကျေးရွာ၊ ပုလဲမြို့ (၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးမြင့်ဝေ (ကံသာပုံနှိပ်တိုက်)(မြ-၀၃၄၁၆)

အမှတ် (၁၈၂)၊ (၃၁) လမ်း (ထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

## ပုံရိပ် [၁]

နေခြည် ဖျတ်ခနဲ လန့်နိုးလာသည်။

မျက်လုံးအစုံကို ဖွင့်လိုက်မိ၏။ ဘာကိုမှ မမြင်ရပါ။ အားလုံး မှောင်မည်းနေသည်။ အသံဗလံဆို၍လည်း ဘာမှ မကြားရ။ ငြိမ်သက်တိတ်ဆိတ်နေသည်။

"ငါ ဘယ်နေရာကို ရောက်နေပါလိမ့်"

နေခြည် စဉ်းစားကြည့်လို့မရပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ...ငါ့တစ်ကိုယ်လုံးလည်း အေးစက်နေပါလား"

နေခြည် ကိုယ့်ကိုယ်ကိုယ် သတိထားလိုက်မိတာက အေးစက်နေသော မိမိ၏ခန္ဓာကိုယ်ကို ဖြစ်သည်။

ထိုအခိုက် ...

သူမနားထဲသို့ တိုးသဲ့သဲ့အသံတစ်ခုက ဝင်ရောက်လာသည်။ တစ်စုံတရာ လှုပ်ရှားနေသောအသံ။ နေခြည့် ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

"ဘယ်သူလဲ"

နေခြည့်နှုတ်ဖျားက ဖျတ်ခနဲ စကားသံထွက်သွားသည်။ စောစောကတော့ သူ့ကိုယ်သူ စကားပြောလို့မရဟု ထင်နေသည်။ ယခု စကားသံက ထွက်သွားသည်။

ထိုစဉ် တစ်စုံတစ်ယောက်၏ လှုပ်ရှားသံက ထွက်ပေါ်လာပြန်သည်။

"ဟင်"

အသံက သူမနံဘေး မနီးမဝေးမှ ထွက်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သော အသံ ...

"ဘယ်သူလဲ"

သူမက အလန့်တကြား ထပ်ပြီးမေးလိုက်မိသည်။

"ကျွန်တော် ... ကျွန်တော် ..."

တစ်ဖက်မှ အသံထွက်ပေါ်လာရာ သူမ အံ့ဩထိတ်လန့်သွားသည်။

"ဟင် ... ငါတစ်ယောက်တည်း မဟုတ်ပါလား"

ထိတ်လန့်မှု၊ အံ့ဩမှုနှင့်အတူ သူမ အားတက်သလိုခံစားလိုက်ရ၏။

"ရှင် ... ရှင် ... ဘယ်သူလဲ"

"ကျွန်တော် လူတစ်ယောက်ပါ"

"ရှင်"

"ဟုတ်ပါတယ်၊ ကျွန်တော် လူတစ်ယောက်ပါ"

"ဟင်"

လူတစ်ယောက်ဆိုပါလား"

"ဒါ ... ဒါဆိုရင် ကျွန်မလည်း လူတစ်ယောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လား''

နေခြည်က ဘာမှန်းမသိ ပြောလိုက်မိသည်။

''အဲဒါ ကျွန်တော်လည်း စဉ်းစားနေတာ''

''ရှင် စောစောကပြောတော့ ရှင်လည်း လူတစ်ယောက်ပဲဆို''

''ဟုတ်ပါတယ် လူတစ်ယောက်ပါပဲ၊ ဒါပေမဲ့ တစ်ခုခု မှားယွင်းနေပြီလို့ ကျွန်တော်ထင်တယ်''

''ဘာတွေမှားယွင်းနေလို့လဲ''

''အနေအထားတစ်ခုခု မှားယွင်းနေပြီလို့ ကျွန်တော် ထင်နေတယ်''

''အနေအထားတစ်ခုခု မှားယွင်းနေတယ် ... ဟုတ်လား''

''ဟုတ်တယ် .. ခင်ဗျားစဉ်းစားကြည့်လေ၊ ခင်ဗျားက ဒီမှာ ဘာဖြစ်နေသလဲ''

''ကျွန်မလား ကျွန်မ လဲကျနေတယ်၊ လှုပ်ရှားလို့လည်း မရဘူး။ ဘာဖြစ်နေမှန်းလည်း မသိပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေမှန်းမသိဘူး ...ဟုတ်လား၊ ကျွန်တော်လည်း ခင်ဗျားလိုပဲ ဘာဖြစ်နေမှန်းမသိဘူး၊ ကျွန်တော်သိတာကတော့ ကျွန်တော်အိပ်ပျော်သွားတယ်၊ နိုးလာတော့ ဒီနေရာကို ရောက်နေတာပဲ"

"အိပ်ပျော်သွားတယ် ...ဟုတ်လား"

"ဟုတ်တယ်"

"ကျွန်မလည်း အိပ်ပျော်သွားတယ် ထင်တာပဲ၊ နိုးလာတော့မှ ဒီနေရာကို ရောက်နေတာ တွေ့လိုက်ရတယ်၊ ဒီနေရာဟာ ဘယ်လိုနေရာလဲဆိုတာ ရှင်သိသလားဟင်"

"ကျွန်တော်လည်း ဘယ်နေရာမှန်း၊ ဘယ်ရောက်နေတာမှန်း မသိသေးဘူး၊ အားလုံးပျောက်နေတယ်"

"ဟုတ်တယ် ...အားလုံးပျောက်နေတယ်"

"ဒါနဲ့ ကျွန်တော်ပြောမယ် ...ခင်ဗျား အဲဒီမှာ လဲကျနေသလို၊ ကျွန်တော်လည်း ဒီမှာ လဲကျနေတယ်၊ အဲဒီတော့ ခင်ဗျားခန္ဓာကိုယ်အထိအတွေ့ ဘယ်လိုခံစားနေရသလဲ ...ကျွန်တော့်ကို ပြောပြပါ၊ ကြမ်းသလား နူးသလား"

www.burmeseclassic.com



"ရှင်"

ပထမတော့ နေခြည်အံ့သြသွား၏။ အမြင် အကြားဘာမှမရှိသော အခြေအနေမျိုးတွင် အထိအတွေ့အာရုံကိုသာ အဓိကထားပြီး မိမိရောက်ရှိနေသော နေရာကို ခန့်မှန်း ဆုံးဖြတ်ရမည်မှန်း သဘောပေါက်လိုက်၏။

"အထိအတွေ့က မကြမ်းဘူးလား"

တစ်ဖက်မှလူက လှမ်းမေး၏။

"ကြမ်းတယ်"

သူမက ချက်ချင်းပြန်ဖြေလိုက်မိ၏။

"ကြမ်းမှာပေါ့၊ ကျွန်တော်တို့ မြေတွင်းတစ်တွင်းထဲမှာ ရောက်နေတာ ထင်တယ်"

"ရှင်"

နေခြည် အကြီးအကျယ် တုန်လှုပ်သွားသည်။

"မဖြစ်နိုင်တာ"

"ဖြစ်နိုင်တာပေါ့"

"မဖြစ်နိုင်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ခင်ဗျား အခု ဘာကိုမြင်ရသလဲ ... ဘာမှမမြင်ရဘူး မဟုတ်လား။ ကျွန်တော့်အသံက လွဲလို့ ဘာသံတွေကြားရသလဲ ... မကြားရဘူး မဟုတ်လား။ အထိအတွေ့အာရုံကတော့ နည်းနည်းကြွမ်းနေတယ် မဟုတ်လား"

"ကြွမ်းတာတော့ ဟုတ်တယ်"

"ကြွမ်းတာက ကျွန်တော်တို့ခန္ဓာကိုယ်က မြေကြီးတွေနဲ့ ထိတွေ့နေရလို့ပါပဲ"

"မြေကြီးတွေနဲ့ ထိတွေ့နေတယ် ... ဟုတ်လား"

"ဟုတ်တယ် ... မြေကြီးတွေနဲ့ ထိတွေ့နေတယ်၊ ဒါကြောင့် ကြွမ်းနေတာ၊ ပြီးတော့လည်း ထည့်ပြီးပိတ်ခံနေရတာကိုပဲ ကြည့်လေ"

"ဒါ ... ဒါဆို ကျွန်မတို့နှစ်ယောက် ဘယ်လိုလုပ်ပြီး မြေတွင်းထဲ ရောက်နေတာလဲ"

"ကျွန်တော်လည်း မသိဘူး၊ အဲဒါကို စဉ်းစားနေတာ ကျွန်တော်တို့ သေသွားလို့များ ဒီနေရာမှာ လာမြှုပ်ထားခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တာလား"

"ရှင် ... ကျွန်မတို့သေသွားလို့ ဒီနေရာမှာ လာမြုပ်သွားတာ ... ဟုတ်လား"

"ဟုတ်တယ် ... အဲဒါကြောင့်များလား မသိဘူး"

"မဖြစ်နိုင်တာရှင်၊ ကျွန်မ အိပ်ပျော်သွားပြီး လန့်နိုးလာတာရှင့်"

"ခင်ဗျား စဉ်းစားကြည့်လေ ... အိပ်ပျော်သွားပြီး နိုးလာတယ်ဆိုရင် အိပ်ရာထဲမှာပဲ နိုးလာရမှာပေါ့၊ ဒီနေရာကို ရောက်လာစရာအကြောင်း ဘယ်ရှိမှာလဲ"

"အင်း ... ရှင်ပြောတာလည်း ဟုတ်သားပဲ"

"ပြီးတော့ စဉ်းစားကြည့်လေ၊ ခင်ဗျားနဲ့ ကျွန်တော် ဒီမြေတွင်းထဲမှာ ရောက်နေရပေမယ့် အသက်ရှူရကျပ်နေတာတို့ ,အသက်ရှူမဝတာတို့ ရှိသလား"

"မရှိပါဘူး"

"အဲဒီတော့ ခင်ဗျားစဉ်းစားကြည့်လေ ..သေပြီးတဲ့သူဟာ အသက်ရှူကျပ်စရာ၊ အသက်ရှူမဝစရာ လိုသေး



www.burmeseclassic.com

www.burmeseclassic.com



သလား"

"မလိုတော့ဘူး ထင်တာပဲ"

"မလိုတော့ဘူးထင်တာပဲ မဟုတ်ဘူး ... မလိုကို မလိုတော့တာ၊ သေပြီးတဲ့လူတစ်ယောက်ဟာ အသက်မရှူ တော့ဘူးလေ၊ အသက်ရှူစရာ မလိုတော့ဘူးလေ၊ သူက အသက်ထွက်သွားပြီပဲ"

"အင်း ... ရှင်ပြောတာလည်း ဟုတ်သားပဲ၊ ကျွန်မ တို့ ရှင်ပြောသလို မြေတွင်းထဲရောက်နေပေမယ့် အသက်ရှူ ကျပ်တာတို့၊ အသက်ရှူမဝတာတို့ ဖြစ်မှမဖြစ်ဘဲ၊ ဟုတ်တယ် ... ဟုတ်တယ် ... ဒါဆိုရင် ကျွန်မတို့နှစ်ယောက်ဟာ သေ ပြီး ဒီမြေတွင်းထဲကို ရောက်နေကြတာပေါ့ ... ဟုတ်လား၊ အမလေး ... ဘုရားရေ"

"ဒီလိုလည်း မဟုတ်သေးဘူးထင်တယ်"

"ဘာကို ဒီလိုမဟုတ်သေးတာလဲ၊ ကျွန်မတော့ နားမလည်နိုင်အောင် ဖြစ်နေပြီ"

"နောက်တော့ တဖြည်းဖြည်း နားလည်လာမှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မသေသေးဘူးဗျ”

“ရှင် ... ကျွန်မတို့ မသေသေးဘူး ... ဟုတ်လား၊ ရှင်ပဲ စောစောကပြောတော့ သေနေပြီဆို”

“ကျွန်တော်တို့ သေနေပြီလို့ မပြောရသေးပါဘူးဗျာ၊ မြေတွင်းထဲမှာ ရောက်နေကြပြီလို့ပဲ ပြောရသေးတာပါ”

“ကျွန်မတို့ မြေတွင်းထဲလည်း ရောက်နေပြီ၊ အသက်ရှုလည်း မကျပ်ဘူးဆိုတော့ ကျွန်မတို့ သေသွားပြီးပြီ ဖြစ်လို့နေမှာပေါ့”

“ခင်ဗျားပြောတာ မဟုတ်သေးဘူး”

“ဒါက ရှင်ပဲ စောစောကပြောတာလေ”

“ဟုတ်တယ်လေ၊ မြေတွင်းထဲလည်း ရောက်နေပြီ၊ အသက်ရှုလည်း မကျပ်တော့ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ မသေသေးဘူးဗျ”

“ဒါဆို တော်တော်ထူးဆန်းတာပဲရှင်”

“ဟုတ်တယ်၊ ဒါဟာ တော်တော်ထူးဆန်းတဲ့အဖြစ် အပျက်တစ်ခုပဲ၊ မြေတွင်းထဲလည်း ရောက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူလည်း မကျပ်ဘူး၊ စကားပြောလို့လည်း ရနေတယ်၊ ဒါဆိုရင် မသေသေးတာ သေချာပြီပေါ့”

“ဒါဆိုရင် ရှင်နဲ့ကျွန်မ မသေသေးဘူးပေါ့”

“ဟုတ်တယ် မသေသေးဘူး”

“မသေသေးဘဲနဲ့ ရှင်နဲ့ ကျွန်မက ဒီလိုမြေတွင်းထဲကို ဘယ်လိုလုပ် ရောက်နေရတာလဲ၊ ကျွန်မတော့ မစဉ်းစားတတ်တော့ဘူး၊ ရှင်ရော ဘယ်လိုစဉ်းစားမိသလဲ”

“ကျွန်တော်လည်း မစဉ်းစားတတ်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ် ...ငါတို့ ဒီနေရာကိုမရောက်ခင် ဘာတွေဖြစ်ပျက်ခဲ့သလဲ၊ အဲဒါကို အရင်ဆုံး ခင်ဗျား စဉ်းစားကြည့်စမ်း”

နေခြည်မှာ ထိုလူ၏စကားကြောင့် အနည်းငယ်တွေဝေသွားသည်။

“ဒီနေရာကိုမရောက်ခင် ကျွန်မ ဘာဖြစ်ခဲ့သလဲ ..., ဟုတ်လား”

“ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စဉ်းစားလို့မရဘူး"

"ငါလည်း စဉ်းစားလို့မရဘူး"

"ဒါဆိုရင် ရှင်ရော အိပ်ပျော်သွားပြီး ဒီနေရာကို ရောက်လာတာပေါ့"

"ဟုတ်တယ်၊ စောစောက ကျွန်တော် ပြောခဲ့သလို ပါပဲ၊ ကျွန်တော် အိပ်ပျော်သွားတယ်၊ နိုးလာတော့ ဒီနေရာ ရောက်နေတာ တွေ့ရတာပဲ"

"ဒါဆိုရင် အိပ်မပျော်ခင်က ဘာတွေဖြစ်ခဲ့သေး သလဲ . . . စဉ်းစားကြည့်ပါဦး၊ ရှင်မအိပ်ခင် စာဖတ်ခဲ့သလား၊ ထမင်းစားခဲ့သလား၊ တစ်ခုခုပေါ့ရှင်"

"ခင်ဗျားပြောမှ ကျွန်တော် မှတ်မိလာပြီ၊ ကျွန်တော် က ညမအိပ်ခင် စာဖတ်တတ်တယ်ဗျ"

"ရှင်က ဘာစာတွေဖတ်သလဲ"

"ထူးခြားဆန်းကြယ်တဲ့စာတွေ ဖတ်တယ်"

"ဟင် . . . ဒါဆို အဲဒီစာတွေဖတ်ပြီး စိတ်ကူးယဉ် ဆန်ဆန် ဒီနေရာကို ရောက်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ...ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်ဗျ၊ အဲဒီလိုစာတွေဖတ်ပြီး စိတ်ကူးယဉ်ဆန်ဆန် ရောက်လာတယ်ဆိုရင် ဒီနေရာကို ကျွန်တော်တစ်ယောက်တည်း ရောက်လာတော့မှာပေါ့၊ အခု ခင်ဗျားပါ ရောက်လာတာဆိုတော့ ဒါလည်း မဖြစ်နိုင်ပြန်ဘူး၊ ခင်ဗျားလည်း စဉ်းစားကြည့်ပါလား ...ခင်ဗျားရော အိပ်ရာမဝင်ခင် ဘာဖြစ်ခဲ့သေးသလဲ"

"ကျွန်မလား ...ကျွန်မကတော့ အိပ်ရာမဝင်ခင် ဘုရားရှိခိုးတတ်တယ်၊ ပြီးတော့ တစ်ခါတလေ ပုတီးစိပ်တယ်၊ အမြဲတစေတော့ မစိပ်ပါဘူး။ အလုပ်တွေပင်ပန်းလို့ သိပ်အိပ်ချင်တဲ့အခါမျိုးကျတော့ ဘုရားတောင် မရှိခိုးနိုင်တော့ဘဲ အိပ်ရာထဲ တန်းဝင်ပြီး အိပ်လိုက်တာပဲ"

"ဟာ ...ကျွန်တော်သတိရပြီ"

"ဘာသတိရတာလဲ"

"ခင်ဗျား စောစောကပြောသွားတဲ့ အလုပ်တွေပင်ပန်းလို့ သိပ်အိပ်ချင်တဲ့အခါတဲ့"

"အဲဒါ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ အလုပ်ဆိုတာပါတယ်လေ၊ ခင်ဗျား ဘာလုပ်တာလဲ၊ ခင်ဗျားအလုပ်က ဘာလဲ . . . အဲဒါ ပြန်စဉ်းစားကြည့်စမ်း"

"ကျွန်မအလုပ် . . . ဟုတ်တယ် . . . ဟုတ်တယ် . . ကျွန်မမှတ်မိပြီ၊ ကျွန်မအလုပ်က ကုမ္ပဏီမှာ စာရင်းကိုင်"

"ဩော် . . . ကုမ္ပဏီမှာ စာရင်းကိုင်လုပ်တာလား"

"ဟုတ်တယ် . . . ကုမ္ပဏီမှာ စာရင်းကိုင်လုပ်တာ"

"ဒါဆိုရင် ခင်ဗျား နောက်ဆုံး အလုပ်ဆင်းခဲ့တဲ့နေ့ကို မှတ်မိလား"

"ရှင်"

ထိုသူ၏စကားကြောင့် နေခြည့်ရင်ထဲ တုန်လှုပ်ချောက်ချားသွားသည်။ ချောက်ချားမှုကြောင့် အသံပင် တုန်ခါသွားသည်။

ထိုသူက ရိုပ်မိပုံပေါ်၏။

"ကျွန်တော့်မေးခွန်းကို ခင်ဗျား ဘာကြောင့် တုန်လှုပ်ချောက်ချားသွားရတာလဲ၊ ဒါဆိုရင် ဒီထဲမှာ အဖြေရှိနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

"ဘယ်ထဲမှာလဲ"

"ခင်ဗျား ကုမ္ပဏီကို နောက်ဆုံးအလုပ်ဆင်းခဲ့တဲ့နေ့ပေါ့၊ အဲဒီနေ့က ခင်ဗျား ဘာတွေဖြစ်ခဲ့သလဲ"

"ကျွန်မ အဲဒီနေ့က ဘာတွေဖြစ်ခဲ့သလဲ ...ဟုတ်လား"

"ဟုတ်တယ် အဲဒီနေ့က ခင်ဗျား ဘာတွေဖြစ်ခဲ့သလဲ ... ပြန်စဉ်းစားကြည့်ပါဦး"

"ဟာ ... ကျွန်မ သတိရလာပြီ၊ အဲဒီနေ့က ကုမ္ပဏီက ဖယ်ရီကားအကြိုကို မစောင့်ဘဲ ကျွန်မ လိုင်းကားစီးပြီး အလုပ်သွားခဲ့တယ်"

"ဟုတ်ပြီ ... တဖြည်းဖြည်း မှတ်မိလာပြီ၊ လိုင်းကားစီးပြီးသွားတော့ အလုပ်ထဲ ဘယ်အချိန်ရောက်သွားသလဲ"

"ဟင် ... အံ့သြစရာပဲ၊ အဲဒီနေ့က ကျွန်မ အလုပ်ထဲ မရောက်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... အလုပ်ထဲမရောက်ခဲ့ဘူး ... ဟုတ်လား"

"ဟုတ်တယ် ... ကျွန်မ အလုပ်ထဲမရောက်ခဲ့ဘူး"

"ဒါ ... ဒါဆို ခင်ဗျား ဘယ်နေရာရောက်သွားသလဲ"

တစ်ဖက်မှလူက အားတက်သရောမေး၏။

"ကျွန် ... ကျွန်မ ... ဩော် မှတ်မိပြီ ... ဆေးရုံကို ရောက်သွားတယ်"

"ဘာ ... ဆေးရုံ ... ဟုတ်လား"

"ဟုတ်တယ် ... ကျွန်မ ဆေးရုံကိုရောက်သွားတယ်"

"ဟာ ... အဲဒါလမ်းစပဲ၊ ခင်ဗျား အလုပ်ကိုသွားတာ အလုပ်ထဲမရောက်ဘဲ ဘာကြောင့် ဆေးရုံကို ရောက်သွားရတာလဲ"

နေခြည် အတန်ကြာ စဉ်းစားနေမိ၏။ ပြီးမှ ...

"မှတ်မိပြီ ... မှတ်မိပြီ ... ကျွန်မကို ကားတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



က ဖြတ်တိုက်သွားတယ်"

"ဗျာ"

တစ်ဖက်မှလူ အံ့သြသွား၏။

"ဟုတ်တယ် ... ကျွန်မကို ကားတစ်စီး ဖြတ်တိုက်သွားတယ်၊ အား ... ကျွန်မ မှတ်မိပြီ ... ကျွန်မ မှတ်ဉာဏ်ထဲမှာ အဖြစ်အပျက်တွေ ပေါ်လာပြီ"

"ဟာ ... အဲဒါဆိုရင် ကျွန်တော်တို့ ဒီနေရာကို ရောက်လာရတဲ့ သဲလွန်စကို ရပြီပေါ့"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ပုဒိ၆ [၂]

အဲဒီနေ့က ကျွန်မ အိမ်ကထွက်လာကတည်းက မျက်ခုံးတွေလှုပ်နေမိတယ်။

ကျွန်မ အိမ်ကထွက်တော့မယ့်ဆဲဆဲမှာ ကျွန်မရှေ့ က ကြောင်နက်တစ်ကောင် ဖြတ်ပြေးသွားတယ်။ ကြောင် နက်ဆိုပေမယ့် တစ်ကိုယ်လုံး နက်မှောင်နေတဲ့မျိုးတော့ မဟုတ်ဘူး။ အဖြူကွက်နဲ့ ရွှေဝါရောင်ကွက်ကလေးတချို့

www.burmeseclassic.com

www.burmeseclassic.com



လည်း ရောလျက်ရှိနေတယ်။ ဒါပေမဲ့ တစ်ကိုယ်လုံးအနေနဲ့ ကြည့်ရင် အနက်ရောင်က ပိုများတယ်။

ကြောက်နက်ဆိုတာ မကောင်းတဲ့နိမိတ်လို့ ကျွန်မက ယူဆတယ်။ ခွေးနက် ကြောင်နက်ဆိုတာ ဘယ်တော့မှ မကောင်းဘူး။ အနက်ရောင်ဆိုတာ သေခြင်းတရားရဲ့အရောင် မဟုတ်လား။

အဲဒီညကလည်း ကျွန်မ အိပ်မက်မက်တယ်။ ကျွန်မ အိပ်တဲ့ခုတင်ကို မီးလောင်သွားလို့တဲ့။ ကျွန်မက ခုတင်ပေါ်က ထပြေးရတယ်။ ခုတင်တစ်လုံးလုံးဟာ မီးဟုန်းဟုန်း တောက်နေတယ်။ မီးဆိုတာ အနီရောင်လို့ ကျွန်မက ယူဆတယ်။ အနီရောင်ဆိုတာ မကောင်းဆိုးဝါးတွေရဲ့အရောင် မဟုတ်လား။

ကြောင်နက်တစ်ကောင် ကျွန်မရှေ့က ဖြတ်ပြေးသွားကတည်းက ကျွန်မစိတ်ထဲ ထင့်နေတယ်။

ဒါပေမဲ့ အလုပ်က မသွားလို့မဖြစ်ဘူး။ ဒီနေ့ စာရင်းတွေအများကြီး လုပ်ပေးဖို့ရှိတယ်။ ဒါနဲ့ ကျွန်မ အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့တယ်။

အခါတိုင်းဆိုရင် ကျွန်မ ဖယ်ရီစီးနေကျပါ။ ဒီကနေ့တော့ မြို့ထဲမှာ သူငယ်ချင်းတစ်ယောက်နဲ့ အလုပ်ကိစ္စတစ်ခု ချိန်းထားတာရှိတာနဲ့ ဖယ်ရီမစောင့်တော့ဘဲ အိမ်က စောစော ထွက်လာခဲ့တယ်။

မှတ်တိုင်မှာ ကားစောင့်တယ်။ ကားလာတော့ ကားပေါ်တက်ပြီး စီးလာခဲ့တယ်။ ကားက တော်တော်လေးကျပ်တယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး . . . စီးရတာပဲ။ မြို့ထဲရောက်တော့ ကားပေါ်ကဆင်းပြီး လမ်းဖြတ်အကူးမှာ ကြောင်နက်တစ်ကောင် ကျွန်မရှေ့က ဖြတ်ပြေးသွားတာကို ရုတ်တရက် မြင်လိုက်ရတယ်။

ကျွန်မစိတ်ထဲ ထိတ်ခနဲဖြစ်သွားတုန်းမှာပဲ အပြင်းမောင်းလာတဲ့ ကားတစ်စီးက ကျွန်မကို တိုက်သွားတော့တာပါပဲ။

ကျွန်မတစ်ကိုယ်လုံး လွင့်ထွက်သွားတယ်လို့ ထင်လိုက်မိတယ်။ ပြီးတော့ ကျွန်မ သတိလစ်သွားတယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ။ ကျွန်မ သတိလစ်သွားတာ သိပ်မကြာလိုက်ဘူး ထင်တယ်။ ကျွန်မဟာ လဲကျနေရာကနေပြီး ကမန်းကတန်း ထလိုက်တယ်။

ကျွန်မကိုယ်ကျွန်မ ဘာမှမဖြစ်ဘူးလို့ ထင်တယ်။ စောစောက ကျွန်မကို ကားတိုက်သွားတာကိုတော့ ကျွန်မ သိလိုက်တယ်။

ခပ်လှမ်းလှမ်းမှာ အဖြူရောင်ကားတစ်စီး ရပ်ထားတာကို တွေ့ရတယ်။ အဲဒီကားက ကျွန်မကိုတိုက်သွားတဲ့ကား ဆိုတာ ကျွန်မသိနေတယ်။

အဲဒီအခိုက်မှာ ...

"ဟာ ... မိန်းကလေးတစ်ယောက်ကို ကားတိုက် သွားပြီ ... လုပ်ကြပါဦး"

ဆိုတဲ့ လူတစ်ယောက် အလန့်တကြားအော်သံကို ကျွန်မ ကြားလိုက်ရတယ်။ အဲဒီလူက အော်ပြီးပြေးလာတယ်။

ကျွန်မက အဲဒီလူကို ...

"ကျွန်မ ဘာမှမဖြစ်ဘူး၊ မစိုးရိမ်ပါနဲ့ရှင်" လို့ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်မိတယ်။

ဒါပေမဲ့ အဲဒီလူက ကျွန်မပြောတာကို ကြားပုံမပေါ်ဘူး။ ကျွန်မကိုတောင် မြင်ပုံမရဘူး။

သူက ကျွန်မဘေးနားက ဖြတ်ပြေးသွားတယ်။

ကျွန်မစိတ်ထဲ ဘယ်လိုဖြစ်သွားပါလိမ့်လို့ ထင်မိတယ်။

"မိန်းကလေးတစ်ယောက် ကားတိုက်သွားပြီ" လို့ အော်ပြီး ကျွန်မဆီကိုလည်း ပြေးလာသေးတယ်။ ကျွန်မကိုလည်းမမြင်ဘဲ ကျော်ပြီး ရှေ့ကိုဆက်ပြေးသွားသေးတယ်။ ကျွန်မကို တိုက်မိမလိုဖြစ်လို့ ကျွန်မကတောင် ရှောင်လိုက်ရသေးတယ်။ ကျွန်မ နားမလည်နိုင်အောင် ဖြစ်သွားရတယ်။

ဒါနဲ့ ကျွန်မလည်း အဲဒီလူပြေးသွားတဲ့ဘက်ကို လှမ်းကြည့်လိုက်မိတော့ လူအချို့ တစ်စုတရာကို ဝိုင်းအုံကြည့်ရှုနေတာကို တွေ့လိုက်ရတယ်။

ဒီလူတွေ ဘာကိုများ ဝိုင်းအုံကြည့်ရှုနေကြပါလိမ့်လို့ ကျွန်မ စိတ်ဝင်စားသွားမိတယ်။ ဒါနဲ့ ကျွန်မ အဲဒီဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးပြီးလိုက်မိတယ်။

လူတွေက ဝိုင်းအုံကြည့်နေကြတယ်။

ကျွန်မ အဲဒီ ဝိုင်းအုံနေတဲ့ လူတွေနားရောက်သွား တယ်။ ကျွန်မရှေ့နားက လူတစ်ယောက်ကို ကျွန်မ လှမ်းမေး လိုက်မိတယ်။

"အဲဒါ ဘာဖြစ်နေတာလဲဟင်"

အဲဒီလူက ကျွန်မကို လှည့်တောင်မကြည့်ပါဘူး။ ဒါနဲ့ ကျွန်မက ထပ်ပြီးမေးလိုက်မိတယ်။

"အဲဒါ ဘာဖြစ်တာလဲဟင်"

ကျွန်မကို လှည့်တောင်မကြည့်ဘူး။ ရှေ့ကိုပဲ ငေးရိုး ရောက်နေတယ်။ ဒါနဲ့ ကျွန်မလည်း စိတ်မရှည်တော့တာနဲ့ ဒီလူ့ပခုံးကို ခပ်ဆတ်ဆတ်ကလေး လှမ်းပုတ်လိုက်တယ်။ အဲဒီတော့မှ သူက ဖျတ်ခနဲလှည့်ကြည့်တယ်။

သူ့အကြည့်က ကျွန်မကို မြင်ပုံမပေါ်ဘူး။ သူ ကြက် သီးတစ်ချက် ဖြန်းခနဲ ထသွားတာ ကျွန်မ မြင်လိုက်ရတယ်။ ပြီးတော့ သူ ဟိုဘက်ပြန်လှည့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူက ကျွန်မကိုလည်း မမြင်ဘူး၊ ကျွန်မအသံကိုလည်း မကြားဘူးထင်ပါရဲ့။

အဲဒီလူက မကြားရင် မမြင်ရင်လည်းနေ။ နောက်တစ်ယောက်ကိုမေးကြည့်မယ်ဆိုပြီး ရပ်ကြည့်နေတဲ့ အမျိုးသမီးတစ်ယောက်ကို ကျွန်မ လှမ်းခေါ်လိုက်မိတယ်။

"ဒီမှာ အစ်မ အဲဒီမှာ ဘာဖြစ်နေတာလဲဟင်"

ကျွန်မက ဒီလောက်အသံကျယ်ကျယ်နဲ့ မေးတာတောင် ဒီအမျိုးသမီးက မကြားဘူး။

ဒါနဲ့ နောက်တစ်ယောက် ထပ်ခေါ်ကြည့်တယ်။ လှည့်တောင်မကြည့်ဘူး။

ဒါကြောင့် ကျွန်မ သူ့ပခုံးကို လှမ်းပုတ်လိုက်တယ်။ သူလှည့်မကြည့်ဘူး။ ကျွန်မ ပခုံးပုတ်လိုက်တာကို သူ မသိသလိုပဲ။ ဒါကြောင့် ခပ်ဆတ်ဆတ်ကလေး ထပ်ပြီးပုတ်လိုက်မိတယ်။ အဲဒီတော့မှ သူ လှည့်ကြည့်တယ်။

"အဲဒီမှာ ဘာတွေဖြစ်နေတာလဲဟင်"

ကျွန်မ,မေးတာကို သူကြားပုံမပေါ်ဘူး။ သူက



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာငိုင်နေပြီး မြန်းခနဲ ကြက်သီးထသွားဟန်နဲ့ ဟို ဘက်ကို ပြန်လှည့်သွားတယ်။

ကျွန်မကို မြင်ပုံမရဘူး။ ကျွန်မ သိပ်ပြီး အံ့သြနေမိ တယ်။

လူတွေ ဘယ်လိုဖြစ်ကုန်ကြပါလိမ့်။ ကျွန်မကို မမြင်ကြတော့ဘူးလား။ ကျွန်မအသံကို မကြားကြတော့ဘူး လား။ ကျွန်မ တွေးမရအောင်ဖြစ်နေတယ်။

ကျွန်မ ကားတိုက်ခံရပေမယ့် ဘာမှ မဖြစ်ဘူးလေ။ ဒဏ်ရာတောင်မရဘူး။ ခဏတော့ ကျွန်မ သတိမေ့သလို ဖြစ်သွားတာကလွဲလို့ ဘာမှမဖြစ်ပါဘူး။

ကျွန်မလည်း ရှေ့ကလူတွေကို မေးလို့မရတာနဲ့ အဲဒီ လူတွေကြားထဲ တိုးဝင်သွားမိတယ်။ ဘယ်သူမှ ကျွန်မကို လမ်းမဖယ်ပေးဘူး။ အဲဒီအချိန်မှာ ကျွန်မကို နောက်ကနေပြီး တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သလို ခံစားလိုက်ရတယ်။

ကျွန်မ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိတော့

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အံ့သြသွားမိတယ်။ ကျွန်မ ဘယ်လိုမှ တွေ့ဖို့ မျှော်လင့်မထားတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရလို့ပါပဲ။

ကျွန်မနှုတ်က လွှတ်ခနဲ အသံထွက်သွားမိတယ်။

"ဟင် … ပိုင်စိုး"

ဟုတ်ပါတယ်။ သူဟာ ပိုင်စိုးမှ ပိုင်စိုးပါပဲ။ ပိုင်စိုးဟာ ကျွန်မချစ်သူပါ။

"နေခြည် … မင်း ဒီမှာ ဘာလာလုပ်နေတာလဲ"

သူက ကျွန်မကို စေ့စေ့ကြည့်ပြီး ပြောတယ်။

"ငါ … ငါလား၊ ငါ့သူငယ်ချင်းတစ်ယောက်နဲ့ အလုပ်ကိစ္စ ချိန်းထားလို့၊ ပြီးမှ ကုမ္ပဏီကိုသွားမှာ၊ အဲဒါ ငါ လမ်းဖြတ်အကူးမှာ ငါ့ကို ကားတိုက်သွားတယ်၊ ဒါပေမဲ့ ငါ ဘာမှမဖြစ်ပါဘူး"

"နင် ဘာမှမဖြစ်ဘူး … ဟုတ်လား"

"ဟုတ်တယ်လေ … ဒီမှာကြည့်ပါလား၊ ငါ ဘာမှ မဖြစ်ဘူး"

ကျွန်မက ကျွန်မကိုယ်ကျွန်မ ငုံ့ကြည့်ရင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊

"နင် ဟိုလူအုပ်ထဲတိုးပြီး ဘာလုပ်မလို့လဲ နေခြည်"

"ဘာဖြစ်နေကြတာလဲဆိုတာ ငါသိချင်လို့"

"မသိချင်ပါနဲ့ နေခြည်"

"ဘာလဲ ... အဲဒီမှာ ဘာဖြစ်နေလဲဆိုတာ နင် သိလို့လား"

ပိုင်စိုးက ဘာမှပြန်မပြောဘဲ ကျွန်မကို စိုက်ကြည့်နေတယ်။

သူ့မျက်လုံးထဲမှာ တစ်စုံတစ်ရာ ဝမ်းနည်းကြေကွဲရိပ်တွေကိုလည်း ကျွန်မ မြင်နေရတယ်။

"အဲဒီမှာ ဘာဖြစ်နေသလဲဆိုတာ ငါသိတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်သလဲ ပိုင်စိုး"

"နင့်ကို မကြည့်စေချင်ဘူး"

"ဘာဖြစ်လို့ မကြည့်စေချင်ရတာလဲဟင်"

"နေခြည် ... နင် တော်တော်ပြောရခက်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



မကြည့်စေချင်လို့ ပြောနေတဲ့ဥစ္စာ ...မကြည့်နဲ့ပေါ့ဟာ"

"နင်က မကြည့်စေချင်လေလေ ငါ့စိတ်က ကြည့်ချင်လေပဲ ပိုင်စိုး"

"နင် ကြည့်လိုက်တော့ရော ဘာထူးလာမှာမို့လို့လဲ"

"ထူးထူး, မထူးထူးဟာ ငါကြည့်ချင်တယ်၊ ဒီနေရာမှာ ဘာတွေဖြစ်နေသလဲ"

"သူ့ဘာသာသူ ဖြစ်ချင်တာဖြစ်ဟာ၊ နင် အခုအလုပ်မသွားနဲ့တော့၊ သွားလို့လည်း မရတော့ဘူး၊ ငါနဲ့ပဲ လိုက်ခဲ့ပါတော့"

"ဘယ်လို ပိုင်စိုး ...နင်နဲ့လိုက်ခဲ့ရမယ် ...ဟုတ်လား"

"အေး ...ဟုတ်တယ်၊ နင်က ငါ့ချစ်သူပဲဥစ္စာ၊ ငါနဲ့မလိုက်ချင်လို့ ဘယ်သူနဲ့လိုက်မှာလဲ"

ပိုင်စိုးက ကျွန်မကို အမိန့်ပေးသလိုပြောတယ်။ ကျွန်မ ပိုင်စိုးကို သေသေချာချာကြည့်လိုက်မိတော့ ...

ပိုင်စိုးမျက်လုံးတွေက တစ်မျိုးကြီးပဲ။ စိမ်းမြမြကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာ တွေ့ရတယ်။ ဒါနဲ့ ကျွန်မက ...

"ပိုင်စိုးရယ် ... နှင်းမျက်လုံးတွေက အရင်နဲ့မတူဘူး။ စိမ်းမြမြကြီး ဖြစ်နေပါလား"

လို့ ပြောလိုက်မိတယ်။ ဒီတော့ သူက ...

"ဟုတ်တယ် ငါ့မျက်လုံးတွေက စိမ်းမြမြကြီးဖြစ်နေတာ အမှန်ပဲ၊ ပြီးတော့ အရင်ကနဲ့ မတူတော့တာလည်း အမှန်ပဲ"

လို့ ပြောလိုက်တော့ ကျွန်မ ရုတ်တရက် ကြောင်သွားတယ်။

"ဘာပြောတယ် ... အရင်ကနဲ့ မတူတော့ဘူး ... ဟုတ်လား။ နင်က ဘာဖြစ်နေလို့လဲ"

ကျွန်မက ပိုင်စိုးကို မေးလိုက်မိတော့ သူက ဟက်ခနဲ တစ်ချက်ရယ်လိုက်တယ်။

သူရယ်လိုက်တာ အသက်မပါသလိုကြီးပဲလို့ ကျွန်မ ဆင်လိုက်မိတယ်။

သူ ကျွန်မကို တွေတွေကြီးကြည့်နေပြန်တယ်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



"နေခြည်ရယ် ... နင်ကလည်း မေ့တတ်ရန်ကော"

လို့ ညည်းတွားတယ်။

"ငါက ဘာကိုမေ့ရတာလဲဟ"

လို့ မေးလိုက်မိတော့ ပိုင်စိုးက ကျွန်မကို သူ့ရဲ့ စိမ်းမြမြမျက်လုံးကြီးတွေနဲ့ စေ့စေ့ကြည့်ပြန်တယ်။

ပြီးမှ ...

"နင် တကယ်မေ့နေတာလား နေခြည်"

လို့မေးတယ်။ ကျွန်မက ...

"အေး ... ငါ တကယ်မေ့နေတာပဲ၊ နင်က အရင်ကနဲ့မတူတော့ဘူးဆိုရင် အခု ဘာဖြစ်နေလို့လဲ"

"ငါမပြောချင်ဘူးဟာ၊ နောက်တော့ နင်သိလာမှာပါ" ...လို့ ပြောတယ်။

"နောက်တော့သိချင်တာမဟုတ်ဘူး၊ အခု သိချင်တာ"

လို့ ပြောလိုက်တော့ သူက ...



www.burmeseclassic.com

www.burmeseclassic.com



"နှင် အဲဒီလောက်တောင်သိချင်မှာတော့ ငါပြောပြရတော့မှာပေါ့၊ ငါဟာ လွန်ခဲ့တဲ့နှစ်ကပဲ သေဆုံးခဲ့ပြီပဲလေ"

ကျွန်မ လန့်ပြီး နောက်ကိုဆုတ်လိုက်မိတယ်။

အဲဒီအချိန်ကျမှ ပိုင်စိုးဟာ လွန်ခဲ့တဲ့နှစ်က ကွယ်လွန်ခဲ့ပြီးဖြစ်တာကို ကျွန်မ သတိရလိုက်မိတယ်။

ကျွန်မ အံ့ဩသွားတယ်။

သေပြီးတဲ့သူက ကျွန်မကို လာပြီးစကားပြောနေတယ်။

"နှင် ငါနဲ့လိုက်ခဲ့ပါလား နေခြည်"

သူ့စကားကြောင့် ကျွန်မ တုန်လှုပ်သွားတယ်။

"နှင်က သေပြီးတဲ့လူတစ်ယောက်ပဲ ပိုင်စိုး၊ ငါက နင်နဲ့ ဘာလိုက်လုပ်ရမှာလဲ"

"နှင် ငါနဲ့လိုက်နေပေါ့"

"ဟင့်အင်း ...ငါမလိုက်ချင်ဘူး၊ ငါက သေမှမသေသေးတာ"

"နှင်မသေသေးဘူး ..ဟုတ်လား၊ သေခြင်းတရား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ တကယ်တော့ ခပ်ပါးပါးလေးပါဟာ၊ ဟိုးအဝေးကြီးမှာ မရှိပါဘူး၊ နင့်အနားမှာ ကပ်နေတာပါ"

"သေခြင်းတရားက ငါ့အနားမှာကပ်နေတာ ... ဟုတ်လား"

"ဟုတ်တယ်လေ ... သေခြင်းတရားက နင့်အနီးမှာ ကပ်နေတာပါ"

"ငါမယုံဘူး ပိုင်စိုး ... သေခြင်းတရားက ငါ့အနားမှာ ကပ်နေတယ်ဆိုတာ ငါမယုံဘူး"

"နင် တကယ်မယုံဘူးလား နေခြည်"

"ငါ တကယ်မယုံဘူး ပိုင်စိုး၊ နင် သေသွားတုန်းက တောင် နင်သေပြီဆိုတာ ငါမယုံခဲ့ဘူး၊ နင် ခုတင်ပေါ်မှာ အိပ်ပျော်နေတယ်လို့ ငါထင်ခဲ့တယ်"

"ငါ အိပ်ပျော်နေတာမဟုတ်ဘူး၊ တကယ်သေသွားတာ"

"သေခြင်းတရားဆိုတာ အံ့ဩစရာကောင်းတယ်၊ နင်က သေပြီးတဲ့သူတစ်ယောက်ပဲ၊ ငါ အခု နင့်ကို မမျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပြန်တွေ့နေရပြီ၊ သေပြီးတဲ့သူတွေကို အဲဒီလို ပြန်ပြီး တွေ့နိုင်သလား"

"တစ်ခါတလေတော့ ပြန်တွေ့နိုင်ပြီး တစ်ခါတလေ ကျတော့လည်း ပြန်မတွေ့နိုင်ပါဘူး၊ ပုံသေပြောလို့တော့ မရဘူး"

"ဘယ်လို ...ပုံသေပြောလို့ မရဘူး ...ဟုတ် သား"

"ဟုတ်တယ် ...ပုံသေပြောလို့မရဘူး၊ ပုံသေဆို တာ မရှိဘူး၊ အမြဲတမ်း ပြောင်းလဲနေတယ်၊ အခု အားလုံး ဟာ ပြောင်းလဲနေတယ်၊ ငါသေသွားတုန်းက နင် ငါနဲ့ ဒီ တစ်သက် ဘယ်တော့မှ မတွေ့ရတော့ဘူးလို့ ထင်ခဲ့တယ် ဟုတ်လား"

"အေး ...ဟုတ်တယ် ...ထင်ခဲ့တယ်"

"အဲဒါဟာ နင် ပုံသေထင်လိုက်တာပဲ၊ အခု နင် ငါနဲ့ ပြန်တွေ့ရပြီမဟုတ်လား၊ နင် ပုံသေထင်ထားတဲ့ဥစ္စာ ဟာ မှန်သေးသလား"

www.burmeseclassic.com

www.burmeseclassic.com



"မမှန်ပေဘူးလေ"

"အေး ... ဘယ်ဟာကိုမှ အဆုံးမတွေးနဲ့၊ အဆုံးဆိုတာ မရှိဘူး"

"နင်က သေပြီးတဲ့သူဆိုတော့ ငါ တစ်ခုမေးမယ်၊ သေတယ်ဆိုတာ ဘာလဲ ... နင် သိမှာပေါ့"

"သေတယ်ဆိုတာ ဘာလဲ ... ဟုတ်လား၊ သေတယ်ဆိုတာ အိပ်ပျော်သွားတာတစ်မျိုးပဲ၊ နင် အိပ်ပျော်နေတဲ့ အချိန်မှာ ဘာကိုသိသလဲ၊ ဘာကိုမှမသိဘူးမဟုတ်လား။ အိပ်ပျော်သွားရာက နိုးလာတဲ့အခါကျတော့ နင် သိစရာရှိတာတွေ သိလာတယ်မဟုတ်လား"

"ဟုတ်တယ်"

"သေတယ်ဆိုတာ အဲဒါပဲ"

"နင်ပြောတာ ငါ သိပ်မရှင်းဘူး"

"အိပ်ပျော်သွားတဲ့ သူတစ်ယောက်ဟာ ပြန်နိုးလာမှာလား"

"နိုးလာတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"သေတယ်ဆိုတာ အိပ်ပျော်သွားတာတာ်မျိုးဆို တော့ သူလည်း ပြန်နိုးလာမှာပေါ့၊ အခု ငါ့ကိုကြည့်လေ ... ငါက လွန်ခဲ့တဲ့တစ်နှစ်က သေဆုံးသွားခဲ့တယ်၊ ငါ အခု ပြန်နိုးလာနေပြီ ... အဲဒါပဲ၊ အဲဒါကြောင့် ဘယ်တော့မှ အဆုံးမရှိဘူးလို့ ငါပြောတာပေါ့။

ခုကြည့် ... နင်ရော ... နင်လည်း အိပ်ပျော်နေ တာပဲ၊ အိပ်ပျော်နေရာက နင်ပြန်နိုးလာနေပြီ"

"ပိုင်စိုး ... နင်ပြောတာတွေ ငါ တစ်ခုမှနားမလည် ဘူး"

"တကယ်နားမလည်ဘူးလား နေခြည်"

"တကယ်ပါ ... ငါ နားမလည်ဘူး"

"နားမလည်ရင် နင့်ကို ငါလိုက်ပြမယ်လေ နေခြည်၊ လာ ... လိုက်ခဲ့"

ပိုင်စိုးက ပြောပြောဆိုဆို ရှေ့ကထွက်သွားတော့ ကျွန်မက သူ့နောက်ကလိုက်သွားမိတယ်။

လမ်းမပေါ်မှာ ကားတွေလူတွေ ဥဒဟို သွားလာ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေပေမယ့် ကျွန်မနဲ့ ပိုင်စိုးကိုတော့ ဘယ်သူကမှ မြင်တွေ့မိကြပုံ မပေါ်ဘူး။ ကျွန်မ အံ့သြနေမိတယ်။

လူတွေနဲ့ ကျွန်မတို့ တိုက်မိတော့မလိုဖြစ်တော့ ကျွန်မက လူတွေကို ရှောင်လိုက်တယ်။ ပိုင်စိုးကတော့ လူတွေကိုမရှောင်ဘူး။ တည့်တည့် ဝင်တိုးသွားတယ်။

အဲဒီလိုဝင်တိုးမိပေမယ့် လူတွေက ဘာမှသိပုံမရဘူး။ သူတို့ကို ဝင်တိုးမိတယ်ဆိုတာတောင် မသိကြဘူး။

ကားလမ်းကို ဖြတ်ကူးမယ်လုပ်တော့ ကျွန်မက ကားအသွားအလာရှင်းတဲ့အထိ စောင့်ကြည့်နေတယ်။ ကျွန်မ အဲဒီလို ရပ်ကြည့်နေတာမြင်တော့ ပိုင်စိုးက ကျွန်မလက်ကို လှမ်းဆွဲလိုက်ပြီး ...

"ဘာရပ်ကြည့်နေတာလဲ နေခြည်၊ လာပါ ... လမ်းဖြတ်ကူးကြရအောင်"

"ဟိုမှာ ကားတွေ ဒီလောက်ရှုပ်နေတာ ... ကား ရှင်းအောင် စောင့်ပါဦး"

"စောင့်စရာမလိုပါဘူး၊ လာပါ ... ကူးကြရ

www.burmeseclassic.com



အောင်''

"အရှမ်းကျူးရင် ကားတိုက်သွားမှာပေါ့''

"မတိုက်ပါဘူး နေခြည်ရဲ့ လာပါ ... စောစောက ငါတို့နဲ့ လူတွေနဲ့တိုက်မိတာ ဘာဖြစ်သလဲ ... ဘာမှမဖြစ်ဘူး မဟုတ်လား၊ လူတွေက တိုက်မိတာ သိတောင်မသိဘူး၊ အဲဒီလိုပဲ ကားကလည်း ငါတို့ကို တိုက်မိမှာမဟုတ်ဘူး နေခြည်''

"ဟုတ်ပါ့မလား ပိုင်စိုးရာ၊ ငါတောင် စောစောက ကားတိုက်ခံလိုက်ရသေးတယ်၊ ဒါပေမဲ့ ငါ ဘာမှမဖြစ်ဘူး''

"မဟုတ်ဘူး နေခြည်ရဲ့၊ စောစောက နင်ကားတိုက်ခံရပြီး ဘာမှမဖြစ်ဘူးဆိုတာ မဟုတ်ဘူး၊ နင်တစ်ခုခုဖြစ်သွားတယ်''

"ဘာ''

"နင်စောစောက ကားတိုက်ခံရပြီး တစ်ခုခုဖြစ်သွားတယ်''

"ငါ ဘာဖြစ်သွားလို့လဲ၊ ဒီမှာကြည့်လေ ... ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမှ မဖြစ်ဘဲဥစ္စာ"

"နင်ဖြစ်သွားတယ် နေခြည်"

"ငါဘာဖြစ်သွားလို့လဲ၊ ဘာမှမဖြစ်ပါဘူး။ ဖြစ်ရင် ငါ ဒီလိုဘယ်နေမှာလဲ"

"နင်ဖြစ်သွားလို့ ဒီလိုနေရတာပေါ့၊ ခု နင် ငါနဲ့ စကားပြောနေတယ်၊ ငါ့ကိုတွေ့နေတယ်၊ ဒါဟာ နင် တစ်ခုခု ဖြစ်သွားလို့ပေါ့"

"ဟင် ... နင်က သေပြီးတဲ့သူ၊ သေပြီးတဲ့သူနဲ့ ငါက စကားပြောနေတယ်၊ ဒါဆို ငါလည်း သေပြီးတဲ့လူ"

ကျွန်မရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။

"နင် မသေသေးပါဘူး နေခြည်"

"ဒါ ... ဒါဆို ငါ ဘာဖြစ်သွားသလဲ"

ကျွန်မက အလန့်တကြား မေးလိုက်မိတယ်။

"လာပါ ... ငါတို့ ကားလမ်းဖြတ်ကူးကြရအောင်"

ပိုင်စိုးက ကျွန်မလက်ကိုဆွဲပြီး ကားလမ်းကို အတင်း ဖြတ်ကူးတယ်။ ကားတွေက အရမ်းမောင်းနှင်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်မတို့ ဟိုဘက်ကားလမ်းကို ရောက်သွားတယ်။

စောစောကနေရာမှာ လူတွေ ဝိုင်းအုံနေတုန်း။

"လာ ...လာ .:. နေခြည်"

ပိုင်စိုးက လူတွေကြားထဲ တိုးဝင်သွားတယ်။

ကျွန်မလည်း သူ့နောက်က တိုးပြီးလိုက်သွားမိတယ်။

လူတွေက ကျွန်မတိုးတာကို လမ်းမဖယ်ပါဘူး။

ဒါပေမဲ့ ကျွန်မတို့ ရှေ့ရောက်သွားတယ်။

လူတွေ ဘာကို စိတ်ဝင်တစား ကြည့်နေကြတာလဲ။

"ဟိုမှာကြည့်စမ်း နေခြည်"

ပိုင်စိုးက တစ်စုံတစ်ခုကို လက်ညှိုးထိုးပြတယ်။

"အို"

ကျွန်မ မယုံနိုင်အောင် ဖြစ်သွားတယ်။ မယုံနိုင်မှုနဲ့ အတူ အံ့ဩတုန်လှုပ်သွားမိတယ်။

ကျွန်မနဲ့တူတဲ့ မိန်းကလေးတစ်ယောက်ဟာ ကတ္တရာလမ်းပေါ်မှာ လဲကျနေတယ်။ သတိမေ့နေတယ်ထင်တယ်။

ကျွန်မ အဲ့ဒီမိန်းကလေးကို သေသေချာချာကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မနဲ့ တစ်ထေရာတည်း တူနေတာကို တွေ့ရတယ်။

လူတူမရှား နာမည်တူမရှားလေ။

ဒါပေမဲ့ အဲဒီမိန်းကလေး ဝတ်စားထားတဲ့ အဝတ်အစားတွေနဲ့ ကျွန်မဝတ်ထားတဲ့ အဝတ်အစားတွေကလည်း တစ်ထပ်တည်းကို တူနေပြန်တယ်။

လူချင်းတူတာကတော့ ထားပါတော့။ အဲဒီလို ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေကပါ တစ်ထပ်တည်းတူနေတာတော့ ဘယ်လိုမှ စဉ်းစားလို့မရနိုင်အောင် ဖြစ်ရတယ်။

ဒါပေမဲ့ သူက အိပ်ပျော်နေတာလား။ ဒါမှမဟုတ် သတိမေ့နေတာလား မသိဘူး။ သူက ငြိမ်သက်နေတယ်။ အသိမရှိတော့ဘူး ထင်ပါရဲ့။

ကျွန်မကတော့ ဒီမှာ လှုပ်ရှားလို့ရနေတယ်။ အသိရှိနေတယ်။ သူ့လို သတိမေ့မနေဘူး။ သူနဲ့ ကျွန်မက အဲဒီလို ကွာခြားနေတယ်။ ကျွန်မက လဲကျနေတဲ့ အဲဒီမိန်းကလေးကို စူးစူးစိုက်စိုက်ကြည့်နေမိသည်။

"အဲဒါဘယ်သူလဲ နေခြည် . . . သိသလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဘေးမှာရပ်နေတဲ့ ပိုင်စိုးအသံကြောင့် ကျွန်မ ဖျတ်ခနဲ သူ့ကိုကြည့်လိုက်မိတယ်။ သူက ပြုံးပြီး ကျွန်မကို ကြည့်နေတယ်။

"ဒီမိန်းကလေးက ကျွန်မနဲ့ တော်တော်တူတာပဲ နော်"

"တူမှာပေါ့ ဒီမိန်းကလေးက မင်းကိုယ်တိုင်ပဲဥစ္စာ"

"ဟင် …သူက ငါကိုယ်တိုင် …ဟုတ်လား"

"ဟုတ်တယ်လေ"

"မဖြစ်နိုင်တာ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ နင်နဲ့ တစ်ထေရာတည်း တူနေတဲ့ဥစ္စာ"

"တူနေပေမယ့် ငါက ဒီမှာရှိနေတယ်လေ"

"နင် ဒီမှာရှိနေတာ မှန်ပေမယ့် ဟိုမှာလည်း နင်ရှိနေတယ်၊ ဟိုက နင့်ရဲ့အခွံပေါ့"

"ဘာ …ငါ့ရဲ့အခွံ …ဟုတ်လား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာတွေ ငါနားမလည်တော့ဘူး"

"အေး ... နင့်လိုပဲ ငါလည်း အရင်က ဒါတွေ နားမလည်ခဲ့ဘူး။ အခုတော့ နားလည်နေပြီ၊ ငါကိုယ်တိုင် အရင်တစ်ခါက ကြုံခဲ့ဖူးပြီလေ၊ အဲဒီတုန်းက ငါလည်း နင့်လို ပဲ .. အဲဒီလို အိပ်ပျော်သွားခဲ့တယ်၊ အိပ်ပျော်သွားပြီးမှ ပြန် နိုးလာခဲ့တယ်၊ ငါအခွံလည်း အဲဒီလိုကျန်ရစ်ခဲ့တာပဲ၊ အဲဒီ တုန်းကလည်း ငါ့မှာ နင့်လိုပဲ အံ့ဩလွန်းလို့ နေခြည်ရယ်"

ကျွန်မနဲ့ တစ်ပုံစံတည်းတူနေတဲ့ မိန်းကလေးဟာ ဒေါ်ရာရပြီး လဲကျနေတယ်။ ဒါကို လူတွေက ဝိုင်းအုံပြီး ကြည့်ရှုနေကြတယ်။

"သေသွားပြီထင်တယ်"

"သနားပါတယ်၊ ရုပ်ကလေးက ချောချောကလေး ရယ်"

"အေးဟယ် ... ဟုတ်ပါရဲ့၊ သူ့မိဘတွေတော့ သိရင် ရင်ကျိုးရှာမှာပဲ"

"ကားက ဘယ်လိုတိုက်မိသွားတာလဲ၊ ကားတွေက



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် အမောင်းကြမ်းကြတာပဲ”

“လူဆိုတာ သေနေ့စေ့ရင် သေမှာပဲလေ၊ ဘာတတ်နိုင်မှာလဲ”

“ဟုတ်တယ် ... သေခြင်းတရားဟာ ကြီးတယ်၊ ငယ်တယ်၊ နုပျိုတယ်၊ အိုမင်းတယ်၊ ရုပ်ချောတယ်၊ ရုပ်ဆိုးတယ်ရယ် မခွဲခြားပါဘူး။ သေမင်းက ခေါ်ချင်ရင် ခေါ်သွားနိုင်တာပဲ”

“ဟုတ်တယ် ... ဟုတ်တယ်”

“ကြည့်ပါဦး ... ငယ်ငယ်ရွယ်ရွယ်ကလေး အချိန်မတိုင်မီ သေရရှာတယ်၊ ဒါဟာ ဥပစ္ဆေဒကံနဲ့ သေရတာပဲ၊ ဒါကြောင့် သွားသတိ၊ စားသတိ၊ လာသတိ၊ နေသတိ၊ ထိုင်သတိဆိုတာ အမှန်ပဲ၊ သတိရှိဖို့လိုတယ်၊ သတိကလေး တစ်ချက်လွတ်လိုက်တာနဲ့ အသက်သေသွားနိုင်တယ်”

“ဟုတ်တယ် ... သတိက အင်မတန်အရေးကြီးတယ်၊ ဒါပေမဲ့ သေနေ့စေ့ရင်တော့ သတိဘယ်လောက် ကောင်းကောင်း အမြဲတမ်းထားနေကျ သတိ လက်လွှတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သေသွားနိုင်တာပဲ မဟုတ်လား"

"ဟုတ်ပါ့ . . . ဟုတ်ပါ့"

"အလောင်းတင်မယ့်ကားက မလာသေးဘူးလား"

"မလာသေးဘူးထင်တယ်၊ တိုက်တဲ့ကားကတော့ မောင်းပြေးသွားပြီထင်တယ်"

"မပြေးပါဘူး . . . ဟိုမှာရပ်ထားတယ်"

"ဒါဆို ကားသမား ဘယ်ပျောက်သွားသလဲ"

"မသိဘူး . . . ထွက်များပြေးသွားသလား"

တစ်ယောက်တစ်ပေါက်ပြောသံတွေကို ကျွန်မ ကြားနေရတယ်။

ကျွန်မက လဲကျနေတဲ့ ကျွန်မနဲ့တူတဲ့ မိန်းကလေး ကို သေသေချာချာ ကြည့်နေမိတယ်။ ပြီးမှ ပိုင်စိုးဘက် လှည့်လိုက်ပြီး . . .

"ပိုင်စိုး"

"ဟင်"

"ငါ အခု ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင် အိပ်ပျော်နေတာ"

"အိပ်ပျော်နေတယ် . . . ဟုတ်လား၊ မဖြစ်နိုင်တာ ပိုင်စိုးရယ်၊ ငါ ဒီမှာ နိုးနေတဲ့ဥစ္စာပဲ"

"ဟုတ်တယ်လေ . . . နင် ဒီမှာနိုးနေပေမယ့် ဟိုမှာတော့ အိပ်ပျော်နေတယ် မဟုတ်လား"

"ဟိုမှာအိပ်ပျော်နေတယ် . . . ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ငါမသေသေးဘူးပေါ့"

"မသေသေးဘူးလို့ ထင်တာပဲ"

"ပိုင်စိုးရယ် . . . ငါ အခု မြင်နေရတာ ကြည့်နေရတာတွေဟာ အိပ်မက်တွေများလားဟင်"

"ငါ နင့်ကို ပြောပြီးပြီပဲ နေခြည်၊ နင် ဟိုမှာ အိပ်ပျော်နေပါတယ်လို့၊ အိပ်ပျော်ရင် ဘာဖြစ်မလဲ၊ အိပ်မက်တော့ မက်ဦးမှာပေါ့ . . . ဟုတ်တယ်မဟုတ်လား"

"ဒါဆို ငါ အခု မြင်နေရတာ ကြားနေရတာတွေက အိပ်မက်တွေပေါ့ . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒီလိုလည်းဟုတ်တယ်၊ အဲဒီလိုလည်း မဟုတ်ဘူး"

"နင့်စကားကလည်း ဘယ်လိုကြီးလဲ ပိုင်စိုးရယ် ... ငါ နားမလည်ဘူး၊ ဟုတ်တယ်ဆိုရင် ဟုတ်တယ်၊ မဟုတ်ဘူးဆိုရင် မဟုတ်ဘူးပေါ့"

"အေး ... ဟုတ်တယ်၊ နင်ဟာ နားမလည်နိုင်တဲ့ နယ်မြေတစ်ခုထဲကို ရောက်နေတာ"

"နားမလည်နိုင်တဲ့ နယ်မြေ"

"ဟုတ်တယ် ... နင် အခု နားမလည်နိုင်တဲ့ နယ်မြေထဲကို ရောက်နေတာပဲ၊ ဒါကြောင့် နင်က အခု နင်ထင်နေရတာ ကြုံတွေ့နေရတာတွေဟာ တကယ်လား၊ အိပ်မက်လားလို့ မေးနေတာပေါ့၊ အဲဒီလိုမေးနေပြီဆိုကတည်းက အခုကြုံတွေ့နေရတဲ့ အခြေအနေတွေကို နင် နားမလည်လို့ မေးနေတယ်ဆိုတာ ထင်ရှားနေပြီပေါ့၊ နေခြည်၊ နင် နားလည်နေပြီဆိုရင် အိပ်မက်လား၊ တကယ်လားဆိုတဲ့ မေးခွန်းမျိုးကို နင် ဘယ်မေးတော့မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးစကားကြောင့် ကျွန်မ လန့်သွားမိတယ်။ ပြီးမှ …

"နင်စဉ်းစားကြည့်စမ်း ပိုင်စိုး"

"ငါက ဘာကိုစဉ်းစားကြည့်ရမှာလဲ"

"ငါဟာ နင့်ချစ်သူဆိုတာလေ"

"အေး … နင်ဟာ ငါ့ချစ်သူတော့ဟုတ်တယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့တစ်နှစ်က ရုတ်တရက် သေဆုံးကွယ်လွန်သွားခဲ့တယ်"

"ဟုတ်တယ်လေ နေခြည်"

"ဒါပေမဲ့ သေဆုံးပြီးတဲ့လူတစ်ယောက်ကို အခု အသက်ရှင်လျက်သား ငါပြန်တွေ့နေရတယ်၊ ဒါမျိုးဆိုတာမျိုးက အိပ်မက်ထဲမှာသာ တွေ့နိုင်မြင်နိုင်တာမျိုး မဟုတ်လား"

"နင်ပြောတာလည်း မှန်ပါတယ် နေခြည်၊ ဒါမျိုးဆိုတာ နင် အိပ်မက်ထဲမှာသာ မြင်နိုင်တာမျိုးပဲ"

"ဒါကြောင့် အိပ်မက်လားလို့ ငါမေးတာပေါ့ ပိုင်စိုး"

"တစ်ခုတော့ရှိတယ် နေခြည် … လူတွေဟာ မိမိ နားမလည်နိုင်တဲ့ နယ်မြေထဲကိုရောက်သွားပြီး အဲဒီနယ်မြေ

www.burmeseclassic.com

www.burmeseclassic.com



ထဲက ပြန်ထွက်လာနိုင်ကြတဲ့အခါ အဲဒီနယ်မြေထဲမှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေကို အိပ်မက်လို့ ထင်နေကြတယ်၊ အမှန်တော့ ဒါဟာ အိပ်မက်မဟုတ်ဘူး"

"အိပ်မက်မဟုတ်ရင် ဘာလဲ ... တကယ်ကြုံတွေ့ခဲ့ရတာလား"

"တကယ်ပေါ့"

"ဟင် ... ဒါဆို ငါ အခု ကြုံတွေ့နေရတာတွေက တကယ်ကြုံတွေ့နေရတာပေါ့ ... ဟုတ်လား ပိုင်စိုး"

"ဟုတ်တယ် နေခြည်၊ တကယ်တွေ့ကြုံနေရတာတွေပေါ့၊ ဒါပေမဲ့ အခွံအနေနဲ့ကြုံတွေ့ရတာတော့ မဟုတ်ဘူး"

"ဘယ်လို"

"အခွံအနေနဲ့ ကြုံတွေ့ရတာတော့ မဟုတ်ဘူး၊ ဟိုမှာလဲကျနေတာက နင့်ရဲ့ရုပ်အခွံလေ၊ အဲဒီရုပ်အခွံအနေနဲ့ ကြုံတွေ့တာ မဟုတ်ဘူးလို့ ငါပြောတာ"

"ဒါဆိုရင် ဘာအနေနဲ့ တွေ့ကြုံနေရတာလဲ ပိုင်စိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအနေနဲ့ တွေ့ကြုံနေရလဲဆိုတော့ စိတ်အနှစ်အနေနဲ့ တွေ့ကြုံနေရတာပေါ့ နေခြည်"

"ငါ နားမလည်ဘူး"

"ကြက်ဥအတွင်းပိုင်းကိုကြည့်ရင် အပြင်ပိုင်းအခွံနဲ့ အတွင်းပိုင်း အနှစ်ဆိုတာရှိတယ်၊ အဲဒါကိုတော့ နင်နားလည်တယ်မဟုတ်လား နေခြည်"

"အေး ... အဲဒါကိုတော့ ငါနားလည်တယ်"

"လူမှာလည်း ဒီလိုပဲ၊ အပြင်ပိုင်းအခွံနဲ့ အတွင်းပိုင်း အနှစ်ဆိုတာရှိတယ်၊ အပြင်ပိုင်းအခွံဆိုတာက လူတစ်ယောက်ရဲ့ ရုပ်အခွံပဲ၊ အတွင်းပိုင်းအနှစ်ဆိုတာကတော့ အဲဒီလူရဲ့ စိတ်ပဲ၊ အဲဒီတော့ ပြောရရင် နင်အခုတွေ့ကြုံနေရတာတွေဟာ ရုပ်အခွံပိုင်းရဲ့ အတွေ့အကြုံတွေမဟုတ်ဘူး၊ စိတ်အနှစ်ပိုင်းရဲ့ အတွေ့အကြုံတွေပဲ နေခြည်"

"ဟင် ... ဒါဆိုရင် အိပ်မက်မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး နေခြည်၊ အိပ်မက်မဟုတ်ဘူး၊ စိတ်အနှစ်ပိုင်းရဲ့ ကြုံတွေ့နေရမှုတွေပဲ၊ အဲဒီလို ကြုံတွေ့နေရမှု



www.burmeseclassic.com

www.burmeseclassic.com



မွေ့ကို အိပ်မက်လို့ ထင်နေတာ၊ တကယ်တော့ အိပ်မက်မဟုတ်ပါဘူး"

"အခု နင့်ကို ငါတွေ့နေရတာဟာ စိတ်အနှစ်ပိုင်းရဲ့ တွေ့ကြုံနေရမှုတစ်ခုပေါ့ . . . ဟုတ်လား ပိုင်စိုး"

"ဟုတ်တယ် နေခြည်"

"ဒါဆိုရင် ဘယ်လိုဖြစ်ပြီး ငါနဲ့တူတဲ့မိန်းကလေးတစ်ယောက်က လဲကျနေရတာလဲ"

"အဲဒါဟာ နင်နဲ့တူတဲ့ မိန်းကလေးတစ်ယောက်မဟုတ်ဘူး နေခြည်၊ အဲဒါဟာ နင်ကိုယ်တိုင်ပဲ၊ နင့်ရုပ်အခွံက လဲကျနေတာ၊ နင့်ရဲ့စိတ်အနှစ်ပိုင်းကတော့ အခု ငါနဲ့ စကားပြောနေတယ်လေ"

ပိုင်စိုးစကားကြောင့် ကျွန်မ အံ့သြသွားမိတယ်။

"ဒါဆို စိတ်အနှစ်ပိုင်းက သေပြီးလူတစ်ယောက်နဲ့ တွေ့နိုင်တယ်ပေါ့ ဟုတ်လား ပိုင်စိုး"

"တွေ့နိုင်လို့လည်း အခု နင် ငါနဲ့ တွေ့နေရပြီလေ နေခြည်"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ ... အံ့သြစရာကောင်းလိုက်တာ ဘာတွေဖြစ်ကုန်ပြီလဲ ... ငါ နားမလည်တော့ဘူး"

"ဒါကြောင့် ဒီနယ်မြေကို နားမလည်နိုင်တဲ့နယ်မြေလို့ ခေါ်တာပေါ့ နေခြည်၊ ဒီနယ်မြေထဲကို ရုတ်တရက်ရောက်လာကြတဲ့သူတိုင်းဟာ နားမလည်နိုင်အောင် ဖြစ်ဖြစ်သွားကြရတယ်၊ အခု နေခြည်ဖြစ်နေတာဟာ အဲဒီအတိုင်းဖြစ်နေတာပဲ၊ နောက်တော့ နေခြည် နားလည်မှာပါ၊ ဘာပဲပြောပြော အခုလို နင်နဲ့ပြန်တွေ့ရလို့ ငါ အရမ်းဝမ်းသာတယ် နေခြည်"

"ဝမ်းသာတယ် ... ဟုတ်လား"

"ဟုတ်တယ် ... ငါ ဝမ်းသာတယ်၊ ငါနဲ့ နင်နဲ့ အနေအထားချင်း တူသွားပြီ"

"ဘယ်လို ပိုင်စိုး ... အနေအထားချင်း တူသွားပြီ ... ဟုတ်လား"

"ဟုတ်တယ်လေ ... နင့်ရုပ်အခွံက ဟိုမှာကျန်ရစ်ခဲ့ပြီပဲ၊ ဒီလိုပဲ ငါ့ရုပ်အခွံကလည်း ကျန်ရစ်ခဲ့တာပဲ၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ...''

ပိုင်စိုးက စကားမဆုံးခင် လမ်းပေါ်မှာလဲကျနေတဲ့ ကောင်မလေးကို ကြည့်လိုက်မိတယ်။

ကျွန်မ ကြည့်နေတုန်းမှာပဲ လဲကျနေတဲ့ကောင်မလေးကို သူတို့ မယူပြီး ကားတစ်စီးပေါ် တင်လိုက်ကြတယ်။

''လာ နေခြည် ... ငါတို့ ဒီကားနဲ့ လိုက်သွားကြရအောင်''

ပိုင်စိုးက ကျွန်မလက်ကို လှမ်းဆွဲပြီး ကားပေါ် တက်လိုက်တယ်။ ခန္ဓာကိုယ်ဟာ အခါတိုင်းနဲ့မတူဘဲ ပေါ့ပါးနေတာကို တွေ့လိုက်ရတယ်။ ကျွန်မတို့ ကားပေါ်မှာထိုင်မိတာနဲ့ ကားကလေး မောင်းထွက်သွားတယ်။

ကားပေါ်မှာ ဒဏ်ရာရထားတဲ့ ကျွန်မနဲ့တူတဲ့ ကောင်မလေးကို အမျိုးသမီးတစ်ယောက်က ပွေ့ချီထားတယ်။ ကောင်မလေးဟာ အခုထက်တိုင် သတိမရသေးဘဲ မေ့မျောနေတယ်။ နောက်တော့ ကားက ဆေးရုံတစ်ရုံကို မောင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ ကောင်မလေးကို အရေးပေါ်အခန်းထဲ ခေါ်သွားပြီး လိုအပ်တာတွေလုပ်ဆောင်ဖို့ အမြန်ဆုံးစီစဉ်ကြတယ်။ ဆရာဝန်တွေ နာ့စ်တွေအားလုံး ရှုပ်ယှက်ခတ်နေတယ်။ ပြီးတော့ ကောင်မလေးကို ခွဲစိတ်ခန်းထဲ သယ်ယူသွားကြတယ်။

"ကောင်မလေးတော့ သနားစရာပဲ၊ သူ့ အသက်ပြန်ရှင်လာနိုင်ပါ့မလား"

ကျွန်မကပြောလိုက်တော့ ကျွန်မနံဘေးမှာရှိနေတဲ့ ပိုင်စိုးက ...

"ဘယ်ကကောင်မလေးလဲ၊ ဒါ တခြားကောင်မလေး မဟုတ်ဘူး ... ဟောဒီက နေခြည်ဆိုတဲ့ ကောင်မလေးရဲ့ ရုပ်အခွံပဲ၊ ရုပ်အခွံမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရလိုက်တော့ အတွင်းပိုင်းထဲမှာရှိတဲ့ စိတ်အနှစ်က အပြင်ကို လွင့်ထွက်သွားရတယ်"

"ရှင်"

"မအံ့သြနဲ့ နေခြည်၊ စိတ်အနှစ်က အပြင်ဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



လွင့်ထွက်သွားရတယ်''

''ဒါဆိုရင် ငါဟာ အခု ရုပ်အခွံက လွင့်ထွက်လာတဲ့ စိတ်အနှစ်တစ်ခုလို့ နင်က ဆိုချင်တာလား ပိုင်စိုးရယ်''

''ဟုတ်တယ် အဲဒီအတိုင်းပဲ နေခြည်၊ နင်ဟာ ရုပ်အခွံပိုင်းက လွင့်ထွက်လာတဲ့ စိတ်အနှစ်ပိုင်းတစ်ခုပဲ၊ နင့်ရဲ့ စိတ်အနှစ်က ဒီမှာရှိနေပြီး နင့်ရဲ့ရုပ်အခွံ ဟိုမှာရှိနေတာပဲ၊ နင့်ရုပ်အခွံမှာ ရှိနေတဲ့ ဒဏ်ရာဒဏ်ချက်တွေကို သူတို့ ခွဲစိတ်ကုသကြတော့မယ်၊ တကယ်လို့ အဲဒီလို ခွဲစိတ်ကုသကြလို့ နင့်ရုပ်အခွံပြန်ကောင်းသွားရင် နင့်စိတ်အနှစ်ကလည်း ဒီရုပ်အခွံထဲကို ပြန်ဝင်ရလိမ့်မယ် နေခြည်''

''ဟင်''

ပိုင်စိုးစကားကြောင့် ကျွန်မ အံ့ဩသွားမိပြန်တယ်။ အဲဒီအခိုက် ကျွန်မခေါင်းထဲ အတွေးတစ်ခု ပေါ်လာတယ်။

''တကယ်လို့ သူတို့ ခွဲစိတ်ကုသလို့ ရုပ်အခွံက ပြန်ကောင်းမလာဘူးဆိုရင်ရော ပိုင်စိုး ...ငါ ဘယ်လိုဖြစ်သွားမှာလဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ထဲ ဘာကြောင့်မှန်းမသိဘူး။ စိုးရိမ်စိတ်တွေ ဝင်လာမိတယ်။ ပိုင်စိုးက ကျွန်မကိုမကြည့်ဘဲ အဝေးကို ငေးနေတယ်။

“ပြောပါပိုင်စိုးရယ် . . . ငါ ဘယ်လိုဖြစ်သွားမှာလဲ”

ပိုင်စိုးမျက်နှာက အဝေးကို ငေးကြည့်နေရာက ကျွန်မဘက်ကို လှည့်လာတယ်။

“ပြန်ကောင်းမလာဘူးဆိုရင်တော့ အဲဒီ နင့်ရဲ့စိတ်အနှစ်က အဲဒီရုပ်အခွံထဲကို ပြန်ဝင်လို့မရတော့ဘူးပေါ့”

“ဟင် . . . ဒါဆိုရင် စိတ်အနှစ်နဲ့ပဲ ငါနေရတော့မှာလား”

“ဟုတ်တယ် . . . နင်က အဲဒီလိုပုံစံမျိုးနဲ့ မနေချင်ဘူးလား”

“စိတ်အနှစ်ပုံစံဆိုတာ ဘယ်လိုပုံစံမျိုးမို့လဲ ပိုင်စိုး”

“အခု နေခြည်နေနေရတဲ့ ပုံစံမျိုးပေါ့၊ အခု နေနေရတဲ့ ပုံစံဟာ စိတ်အနှစ်ပုံစံပဲ”

“အံ့ဩစရာကောင်းလိုက်တာ ပိုင်စိုးရယ်၊ ဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အခုပိုင်စိုးနေရတဲ့ပုံစံကရော ဘယ်လိုပုံစံမျိုးလဲ”

“နေခြည်ရယ် ... ကိုယ်က စိတ်အနှစ်ပိုင်းပုံစံမျိုး ထက်တောင် ကျော်လွန်သွားပါပြီ”

“ရှင်”

“ကိုယ့်အနေအထားက စိတ်အနှစ်ပိုင်းပုံစံမျိုး မဟုတ်တော့ဘူး”

“ဒါဆို ဘယ်လိုပုံစံမျိုးလဲဟင် ပိုင်စိုး”

“ကိုယ့်ပုံစံက နောက်ရုပ်အခွံတစ်ခုကို ပြန်ရနေပြီ”

“ရှင်”

ကျွန်မ နားမလည်နိုင်အောင် ဖြစ်သွားမိတယ်။

“နောက်ထပ်ရုပ်အခွံတစ်ခုကို ရနေပြီ ဟုတ်လား”

“ဟုတ်တယ် နေခြည်၊ ကိုယ်က နောက်ထပ်ရုပ်အခွံ တစ်ခုကို ရနေပြီ၊ နေခြည်ကတော့ နောက်ထပ်ရုပ်အခွံသစ် တစ်ခုကို မရသေးဘူး။ စိတ့်အနှစ်ပိုင်း ပုံစံအခြေအနေမျိုးမှာပဲ ရှိနေသေးတယ်၊ ဒါကြောင့် နေခြည့်အနေနဲ့ ဟောဒီကိုမှာရှိနေ တဲ့ ရုပ်အခွံထဲကို ပြန်ဝင်ခွင့်ရရင် ရနိုင်သေးတယ်၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝင်ခွင့်မရတော့ဘူးဆိုရင်တော့ ကိုယ့်လိုပဲ နောက်ထပ် ရှပ်အခွံသစ်တစ်ခုကို ရရှိပါလိမ့်မယ် နေခြည်ရယ်”

ပိုင်စိုးကပြောပြီး ကျွန်မကို စိုက်ကြည့်နေတယ်။

“ဒါဆိုရင် ငါ့ရဲ့အခြေအနေနဲ့ နင့်ရဲ့ပုံစံအခြေအနေက မတူသေးဘူးပေါ့ . . . ဟုတ်လား”

“ဟုတ်တယ် နေခြည် . . . မတူသေးဘူး၊ ကိုယ့်ရှပ်အခွံက ဟိုတုန်းကရခဲ့ဖူးတဲ့ ရှပ်ခွံမျိုးလိုမဟုတ်ဘူး၊ ပါးပါးလှပ်လှပ်ကလေးရယ်”

“ရှပ်ခွံက ပါးပါးလှပ်လှပ်ကလေး”

“ဟုတ်တယ်၊ ပါးပါးလှပ်လှပ်ကလေးပါ၊ ဒါကြောင့် နေခြည်ရဲ့စိတ်အနှစ်နဲ့ တွေ့လို့ရနိုင်တာပေါ့”

“ရှင်”

ကျွန်မ ပိုင်စိုးဆီက အံ့သြစရာစကားတွေချည်းပဲ ကြားနေရတယ်။ ဘာပဲပြောပြော . . . ပိုင်စိုးနဲ့ ပြန်တွေ့ရလို့ ကျွန်မ ဝမ်းသာနေမိတာတော့ အမှန်ပါပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မှန်ရှိပ် [၃]

ပိုင်စိုးပြောသည့် ကျွန်မရုပ်အခွံကို လက်တွန်းလှည်း တစ်ခုပေါ် တင်ပြီး တွန်းယူသွားနေကြပါတယ်။ ရုပ်အခွံက တွန်းလှည်းပေါ်မှာ ဆန့်ဆန့်ကြီးအနေအထားနဲ့ ပါသွားပါ တယ်။

"လာ နေခြည် ...ငါတို့ အဲဒီနောက်ကို လိုက် ကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးက ကျွန်မလက်ကိုဆွဲပြီး တွန်းလှည်းနောက်က လိုက်သွားတယ်။ ကျွန်မလည်း ကမန်းကတန်း လိုက်ပါသွားမိတယ်။ ခွဲစိတ်ခန်းတစ်ခုထဲရောက်တော့ အခန်းအလယ်က ခုတင်ကြီးအပေါ် ရုပ်အခွံကြီးကို တင်လိုက်ကြတယ်။

ဆရာဝန် ဆရာမတွေအားလုံးဟာ အလောတကြီး လှုပ်ရှားနေကြတယ်။ ကြည့်ရတာ အားလုံး ပျာယာခတ်နေကြတယ်။ ကျွန်မ သူတို့ကိုကြည့်ပြီး အံ့သြမိတယ်။

တကယ်လို့ ဒီခုတင်ကြီးပေါ်က ရုပ်အခွံကြီးဟာ ကျွန်မရုပ်အခွံကြီးဆိုရင် သူတို့အားလုံးဟာ ဘာကြောင့် ဒီလောက်တောင် ပျာယာခတ်နေကြရတာလဲ။ ကျွန်မသေမှာ စိုးလို့လား။ ဒါပေမဲ့ ကျွန်မက ဒီမှာရှိနေတယ်လေ။ ကျွန်မ ဘယ်လိုမှ မနေဘူး။ ဘာဝေဒနာမှ မခံစားရဘူး။ ဒါပေမဲ့ သူတို့အားလုံးကတော့ ပျာယာခတ်နေကြတယ်။

"ပိုင်စိုး ... သူတို့အားလုံးဟာ ငါသေသွားမှာစိုးလို့ အရေးတကြီး လုပ်ဆောင်နေကြတာပဲ"

"ဟုတ်တယ် နေခြည်၊ နေခြည်သေသွားမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com



"သေသွားရင် ...ဟုတ်တယ် သေသွားရင်၊ သေတယ် ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုလား ပိုင်စိုး၊ ငါစဉ်းစားလို့ မရဘူး"

"သေချာတာပေါ့ နေခြည်၊ သေတယ်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ အဲဒီအစိတ်အပိုင်းဟာ အလွန်တန်ဖိုးကြီးတယ်၊ ဒါကြောင့် နေခြည်ရဲ့အသက်ကို ကယ်တင်နိုင်ဖို့ ဟိုမှာ ကြိုးစားနေကြတာပေါ့"

ဟုတ်တယ်။ သူတို့တစ်တွေ အလောတကြီးဖြစ်နေပေမယ့် ကျွန်မကတော့ အေးအေးဆေးဆေးပါပဲ။ တကယ်လို့ ကျွန်မ ဒီမှာ အသက်ရှင်နေသေးတယ်ဆိုတာကိုသာ သူတို့သိရင် ကျွန်မကို ဒီလောက်အထိ အရေးတကြီး အသည်းအသန် လုပ်ဆောင်နေကြမယ် မထင်ဘူး။

ကျွန်မ ဒီမှာအသက်ရှင်နေတယ်ဆိုတာ သူတို့မသိကြလို့သာ ဒီလိုရေးကြီးသုတ်ပျာ ဖြစ်နေကြတာထင်တယ်။ ကျွန်မက ကျွန်မရဲ့ရှေ့နားဆီမှာ ရပ်နေတဲ့ ဆရာဝန်တစ်ယောက်ရဲ့ပခုံးကို လက်နဲ့လှမ်းပုတ်လိုက်တယ်။ သူ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သက်နဲ့ပုတ်လိုက်တာ သိသွားတယ်ထင်တယ်။ နောက်ကို ချာတ်ခနဲလှည့်ကြည့်တယ်။

သူ လှည့်ကြည့်ကြည့်ချင်း ကျွန်မက ...

"ဒီမှာ ဒေါက်တာ ... ဒေါက်တာတို့ အေးအေးဆေး ဆေး လုပ်ကြပါ၊ ကျွန်မ မသေသေးပါဘူး၊ ဒီမှာရှိနေပါ တယ်"

လို့ ပြောလိုက်မိတယ်။ ဒါပေမဲ့ အဲဒီဆရာဝန်က ကျွန်မကိုလည်း မမြင်၊ ကျွန်မပြောတာကိုလည်း ကြားပုံမရ ပါဘူး။

ပိုင်စိုးကတော့ ကျွန်မလုပ်သမျှကို နံဘေးမှ ကြည့် နေတယ်။

"နေခြည် စိတ်ပျက်သွားသလား"

"ဘာကိုစိတ်ပျက်ရမှာလဲ ပိုင်စိုး"

"မဟုတ်ဘူးလေ နေခြည်က ဆရာဝန့်ပခုံးကို သွား ပုတ်လိုက်တယ်၊ ဆရာဝန်က လှည့်တော့ကြည့်တယ်၊ ဒါပေ မဲ့ နေခြည့်ကို မြင်ပုံမရဘူး၊ နေခြည်က ဆရာဝန့်ကို စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောကြည့်တယ်၊ ဆရာဝန်က ကြွားပုံမရဘူး ... ဒီတော့ နေခြည် စိတ်ပျက်သွားတယ် မဟုတ်လား''

''ဟုတ်တယ် ... ငါစိတ်ပျက်သွားတယ်''

အမှန်တကယ်လည်း ကျွန်မ စိတ်ပျက်သွားမိတယ်။ ကျွန်မက သူတို့တွေ လုပ်တာကိုင်တာတွေကို မြင်နေရပြီး သူတို့က ကျွန်မကို မမြင်ကြတော့ ကျွန်မ တော်တော်ကလေး စိတ်ပျက်သွားမိတယ်။

''စိတ်ပျက်မသွားနဲ့ နေခြည်၊ လူတွေရဲ့မျက်လုံးဟာ ရုပ်အခွံကိုပဲ မြင်နိုင်ကြတယ်၊ စိတ်အနှစ်ပိုင်းကို မမြင်နိုင်ကြဘူး၊ ဒါကြောင့် စိတ်အနှစ်ပိုင်းအခြေအနေတစ်ခုကို ရောက်ရှိနေတဲ့ နေခြည့်ကို သူတို့ မြင်နိုင်မှာ မဟုတ်ပါဘူး''

''ဒါတွေက နင်က ဘယ်လိုလုပ်ပြီး သိနေတာလဲ ဟင်''

''ငါက အဲဒီအခြေအနေတွေကို ဖြတ်သန်းခဲ့ပြီးပြီ နေခြည်၊ ဒါကြောင့် သိနေတာပေါ့''

''အေးနော် ... ဟုတ်သားပဲ ပိုင်စိုး၊ နင်က သေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပြီးတဲ့ လူတစ်ယောက်ပဲ”

“ဟုတ်တယ် . . . ငါက သေဆုံးပြီးခဲ့တဲ့ လူတစ်ယောက်၊ နင်က သေဆုံးတော့မယ့် နယ်နိမိတ်ထဲကို ရောက်လုရောက်ခင် ရောက်လုဆဲဆဲ လူတစ်ယောက်”

ပိုင်စိုးမျက်လုံးတွေက ရှေ့ဆီကိုကြည့်လိုက်တယ်။ ကျွန်မလည်း လိုက်ကြည့်လိုက်တော့ ခွဲစိတ်ကုသခုတင်ပေါ်မှာ ကျွန်မရဲ့ရုပ်အခွံကို အပြင်းအထန်ခွဲစိတ်ကုသနေကြတာကို တွေ့ရတယ်၊ ခွဲစိတ်ခုတင်ရဲ့ အပေါ်ဘက်မျက်နှာကြက်မှာ တော့ မီးသီးလုံးကြီးတွေက လင်းထိန်နေတယ်။ ကျွန်မက သူတို့ အသည်းအသန် ခွဲစိတ်ကုသနေကြတာကို ကြည့်ရင်း ရယ်ချင်လာမိတယ်။ စဉ်းစားကြည့်တော့ တကယ်လည်း ရယ်စရာကောင်းနေတယ်။ သူတို့ကသာ ကျွန်မကို အရေးတကြီး ခွဲစိတ်နေကြတာ . . . ကျွန်မကတော့ ဒီမှာ အေးအေးဆေးဆေးနဲ့ ရပ်နေတယ်၊ သူတို့ကိုကြည့်ရင်း ရယ်ချင်နေတာ သိသွားရင် ကျွန်မကို သူတို့ စိတ်ဆိုးသွားမှာ သေချာတယ်။

ကျွန်မ စဉ်းစားကြည့်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ကားတိုက်ခံရပြီးတဲ့နောက် ပိုင်စိုးပြော သလို ရုပ်အခွံထဲက စိတ်အနှစ်က လွင့်ထွက်သွားတယ်။ သူပြောတာလည်း ဖြစ်နိုင်တယ်။ ဥပမာ ကြက်ဥတစ်ခု အခွံ ကွဲသွားရင် အထဲကအနှစ်တွေဟာ အပြင်ထွက်ကျလာမှာပဲ။ အခု ကျွန်မရဲ့ရုပ်အခွံထဲက စိတ်အနှစ်တွေလည်း အပြင်ကို ထွက်ကျကုန်တာပဲလား။

ကျွန်မရဲ့ရုပ်အခွံက ကြက်ဥအခွံကွဲသွားသလိုမျိုး ဒဏ်ရာရသွားတယ်။ ဒါပေမဲ့ ကျွန်မရဲ့ စိတ်အနှစ်ကတော့ ဘာဒဏ်ရာမှမရဘူး။ ဒါဟာ အံ့ဩစရာတစ်ခုပဲ။ ကျွန်မထင် တယ် ... တကယ်လို့သာ ကျွန်မရဲ့ရုပ်အခွံဟာ ကြက်ဥအခွံ ကွဲသလို အစိတ်စိတ်အမြွှာမြွှာကွဲသွားရင် ကျွန်မရဲ့စိတ်အနှစ် ဟာလည်း အပြင်ကို လွင့်စဉ်ထွက်ကျသွားမှာ သေချာတယ်။

ဒါဆိုရင် ကြက်ဥအနှစ်ဟာ ကွဲသွားတဲ့ အခွံထဲကို ဘယ်လိုလုပ်ပြီး ပြန်ဝင်လို့ရတော့မှာလဲ။ အခုလည်း ကျွန်မ ရဲ့စိတ်အနှစ်ဟာ ရုပ်အခွံရဲ့အပြင်ဘက်ကို လွင့်စဉ်ထွက်ကျနေ ပြီလေ။ အထဲကို ပြန်ဝင်လို့ရပါ့မလား။ ပြန်ဝင်လို့ရအောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာဝန်တွေက ကျွန်မရုပ်အခွံကို ခွဲစိတ်ကုသနေကြတာပဲ။ ကွဲသွားတဲ့ ကြက်ဥအခွံကို အကောင်းဖြစ်အောင် ပြန်ဆက်စပ်နေသလိုမျိုးပေါ့။

ဒါနဲ့ ကျွန်မဟာ ကျွန်မရုပ်အခွံကို အာရုံစိုက်ပြီး ခွဲစိတ်ကုသနေကြတဲ့ ဆရာဝန်တွေရဲ့ နောက်နားမှာရပ်ပြီး အကူအညီပေးနေတဲ့ နာ့စ်မတစ်ယောက်ရဲ့အနားကို ကပ်သွားပြီး သူ့ရဲ့ကျောကို အသာလှမ်းပုတ်လိုက်မိတယ်။ သူက နောက်ကို ဖျတ်ခနဲ လှည့်ကြည့်တယ်။ ဒါပေမဲ့ ကျွန်မကို မြင်ပုံမရပါဘူး။ သူ့မျက်နှာလည်း ဟိုဘက်ပြန်လှည့်သွားတယ်။ ဒါနဲ့ ကျွန်မ နောက်ထပ်တစ်ချက် လှမ်းပုတ်လိုက်တယ်။ သူ ဖျတ်ခနဲ လှည့်ကြည့်ပြန်တယ်။ ဒီတစ်ခါတော့ သူ ဟိုဟိုဒီဒီ မျက်လုံးဝေ့ကြည့်နေတယ်။ ပြီးတော့ ပခုံးတွန့်သွားတယ်။ သူ ကျွန်မကိုမမြင်ဘူးဆိုတာ သေချာသွားပြီ။

ကျွန်မဟာ ကျွန်မကို ဘယ်သူတွေများ မြင်မလဲဆိုပြီး လုပ်ဆောင်နေမိတာ။ အခုတော့ ကျွန်မကို ဘယ်သူမှ မမြင်မှန်း သေချာသွားခဲ့ပါပြီ။ ဒီလိုခွဲစိတ်ခန်းထဲမှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နေရတာကြာတော့ စိတ်ပျက်လာတယ်။ ဟိုခွဲစိတ်ခုတင်ပေါ်မှာ ကျွန်မရုပ်အခွံကို ခွဲစိတ်နေကြပေမယ့် ဒါဟာ ကျွန်မနဲ့ဘာမှမဆိုင်သလို ဖြစ်နေတယ်။ သူတို့က အဲဒီလိုခွဲစိတ်နေကြပေမယ့် ကျွန်မ သူတို့အနားမှာရှိနေတာကို သူတို့အားလုံးမသိကြဘူး။

ဒီအခန်းထဲမှာနေရတာ ငြီးငွေ့လာတယ်။ ဒါနဲ့ ကျွန်မလည်း အပြင်ဘက်ကိုထွက်ဖို့ စိတ်ကူးမိတယ်။ သူတို့က ခွဲစိတ်ခန်းတံခါးကို ပိတ်ထားကြတယ်။ ကျွန်မက တံခါးရှေ့ကိုလျှောက်သွားပြီး တံခါးကို ဖွင့်ဖို့ကြိုးစားမိတယ်။ ဒါပေမဲ့ ဖွင့်လို့မရဘူး။

ကျွန်မ နောက်ဘက်ကို လှည့်ကြည့်လိုက်မိတော့ ပြုံးကြည့်နေတဲ့ ပိုင်စိုးကို တွေ့လိုက်ရတယ်။

"ဖွင့်လို့မရဘူးလားနေခြည်"

"မရဘူး ပိုင်စိုး၊ ငါ အပြင်ထွက်ချင်တယ်၊ ဒီအခ မှာ နေရတာ စိတ်အိုက်လာပြီ"

"ထွက်ချင်ရင် လွယ်လွယ်ကလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကသာ လွယ်လွယ်ကလေးပြောနေ၊ ဒီမှာ ဖွင့်လို့မှ မရတာ"

"ဖွင့်နည်းကိုသာသိရင် လွယ်ပါတယ် နေခြည်"

"ဖွင့်နည်း ... ဟုတ်လား"

"ဟုတ်တယ်"

"တံခါးကိုတောင် ဖွင့်တဲ့နည်းရှိသလား ပိုင်စိုးရယ်"

"ရှိတာပေါ့ နေခြည် ... တို့ရဲ့ရုပ်အခွံက ပါးတယ်လေ"

"ဘာဆိုင်လို့လဲ ပိုင်စိုးရဲ့"

"ငါတို့က ရုပ်အခွံပါးတဲ့အတွက် သာမန်ရုပ်တွေကို ငါတို့အနေနဲ့ ကိုင်တွယ်နိုင်ဖို့ မလွယ်ဘူး နေခြည်၊ အဲဒီတော့ စိတ်နဲ့ထွင်းဖောက်မှ ရနိုင်မယ်"

"ငါနားမလည်ဘူး ပိုင်စိုး"

"အခု နင် ဒီတံခါးချပ်ကို ဖွင့်လို့မရဘူး မဟုတ်လား"

"အေး ... ဖွင့်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



“နေခြည် . . . နင် အဲဒီတံခါးချပ်ရှေ့မှာ ရပ်နေပြီး ရင် အဲဒီတံခါးချပ်ကို စူးစူးစိုက်စိုက်ကြည့်လိုက်၊ နင့်စိတ်ထဲမှာ ဒီတံခါးချပ်ရဲ့အပြင်ဘက်ကို ထွက်သွားချင်တဲ့စိတ်တွေ ပြင်း ပြင်းထန်ထန် ဖြစ်ပေါ်လာအောင်လုပ်လိုက်၊ ဒါဆိုရင် နင် အပြင်ဘက်ကို ချက်ချင်း ရောက်သွားလိမ့်မယ်”

ကျွန်မက ပိုင်စိုးပြောတဲ့အတိုင်း တံခါးချပ်ရှေ့မှာရပ် ပြီး လုပ်လိုက်တယ်။ အဲဒီအခိုက်မှာပဲ ကျွန်မကိုယ်ဟာ ရပ်နေ ရာက ရွေ့လျားသွားပြီး ပိတ်ထားတဲ့တံခါးချပ်ကို ထွင်းဖောက် သွားပါတော့တယ်။

ကျွန်မ ခွဲစိတ်ခန်းအပြင်ဘက်ကို ရောက်သွားပါ တယ်။ ကျွန်မ အံ့သြနေမိတယ်။ ကျွန်မခန္ဓာကိုယ်ဟာ ပိတ် ထားတဲ့တံခါးချပ်ကို ထွင်းဖောက်ပြီး အပြင်ဘက်ကို ဘယ်လို လုပ် ရောက်သွားပါလိမ့်။ ကျွန်မလည်း မစဉ်းစားတတ်အောင် ဖြစ်နေမိတယ်။

ကျွန်မနောက်မှာတော့ ပိုင်စိုးက ကပ်လျက်သားပါ လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေခြည် … နင် အုံ့သြနေသလား"

"အေး … ငါအံ့သြနေတယ်"

"မအံ့သြနဲ့ နေခြည်၊ ရုပ်အခွံမရှိတော့တဲ့ အနေအထားမျိုးမှာ ဘာမဆိုဖြစ်နိုင်တယ်၊ အဲဒါကိုတော့ နင်သေသေချာချာ မှတ်ထား နေခြည်"

"အေးပါ … ငါမှတ်ထားပါ့မယ်"

အဲဒီအခိုက်မှာပဲ ကျွန်မမျက်လုံးတွေဟာ ခွဲစိတ်ခန်းရှေ့က ခုံတန်းပေါ်မှာ ထိုင်နေကြတဲ့ လူတချို့ကို မြင်လိုက်ရတယ်။ ဘယ်သူတွေပါလိမ့်။ သူတို့ ဒီမှာ ဘာထိုင်ပြီးလုပ်နေကြပါလိမ့်။ ကျွန်မ အဲဒီကိုလျှောက်သွားပြီး ကြည့်လိုက်မိတယ်။

"ဟင်"

ကျွန်မ အံ့သြသွားတယ်။ တစ်ဖက်ကလည်း ဝမ်းသာသွားတယ်။ ခုံတန်းပေါ်မှာထိုင်နေတာ တခြားသူတွေ မဟုတ်ဘူး။

ကျွန်မ ဖေဖေ၊ မေမေ၊ ညီမလေးနဲ့ ကိုကြီးတို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ,မမကတော့ အိမ်မှာကျန်နေခဲ့တယ်ထင်တယ်။ မေမေနဲ့ ညီမလေးတို့ရဲ့ မျက်လုံးတွေက နီရဲနေကြတယ်။ သူတို့ ငိုထားကြပုံပေါ်တယ်။ ဖေဖေနဲ့ ကိုကိုကလည်း တော်တော် မျက်နှာပျက်နေကြတယ်။

သူတို့အားလုံးရဲ့မျက်နှာပေါ်မှာ စိုးရိမ်ပူပန် သောက ရောက်နေဟန်တွေကို တွေ့ရတယ်။ ကျွန်မအတွက် သူတို့ စိုးရိမ်ပူပန်နေကြတာပဲ။ အံ့သြစရာတော့ ကောင်းတယ်။ ကျွန်မအတွက် သူတို့ စိတ်သောက အကြီးအကျယ်ရောက်ပြီး စိုးရိမ်ပူပန်နေကြတဲ့အချိန်မှာ ကျွန်မကတော့ သူတို့အနီးမှာ ရောက်နေခဲ့တယ်။ ဒါကို သူတို့မသိဘူး။

ကျွန်မအတွက် အခုချိန်မှာ ကြုံတွေ့ဖြစ်ပျက်နေမှုတွေဟာ အရင်ကနဲ့ လုံးဝမတူတော့ပါဘူး။ ကျွန်မ ရုပ်အခွံအတွက် မေမေ၊ ဖေဖေ၊ ညီမလေးနဲ့ ကိုကြီးတို့ စိုးရိမ်သောက ပရိဒေဝမီး တောက်လောင်နေကြတာပဲ။

"သူတို့တွေအားလုံး နေခြည့်အတွက် ရင်ထဲမှာ မီး တောက်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးက ကျွန်မကိုကြည့်ပြီး ပြောတယ်။

"ဟုတ်တယ် ပိုင်စိုး၊ သူတို့အားလုံး ငါ့အတွက် မီးတောက်နေကြတယ်၊ အမှန်တော့ . . . သူတို့အားလုံး ဒီလောက်အထိ မီးမတောက်သင့်ဘူး၊ ငါ့ရုပ်အခွံအတွက် ငါတောင် ဒီလောက်အထိ မီးမတောက်ဘူး"

"ဒါက နင့်ဘက်ကအမြင်ကိုး နေခြည်၊ သူတို့အမြင် ကတော့ နင်နဲ့ဘယ်တူမှာလဲ"

ကျွန်မ သူတို့နားမှာ သွားရပ်နေလိုက်မိတယ်။ အင်း . . . သူတို့အာလုံး အပူသောကနဲ့ ငိုင်နေကြတယ်။ ပြီးတော့ ထွက်ပေါ်လာမယ့်အဖြေတစ်ခုခုကို စောင့်စားနေကြပုံ ရတယ်။

ကျွန်မက ရုတ်တရက် စိတ်မထိန်းနိုင်တော့ဘဲ အမေ့ကို ဖက်လိုက်မိတယ်။

"အမေ . . . အမေရယ် . . . အမေတို့အားလုံး သမီး အတွက် စိုးရိမ်သောက ရောက်မနေကြပါနဲ့၊ သမီး အမေတို့ နားမှာ ရှိနေပါတယ်၊ အမေတို့နဲ့ အတူရှိနေပါတယ်၊ အမေတို့



www.burmeseclassic.com

www.burmeseclassic.com



ဘာကို စိုးရိမ်ပူပန် သောကရောက်နေကြတာလဲ . . မရောက်ပါနဲ့ အမေ၊ သမီးအတွက် စိုးရိမ်ပူပန်သောက ရောက်မနေပါနဲ့ အမေ၊ သမီး ဒီနားမှာရှိတယ်လေ၊ ဟိုခွဲစိတ်ခန်းထဲက ဥစ္စာက သမီးရဲ့ရုပ်အခွံကြီးပါ အမေ၊ ရုပ်အခွံကြီးအတွက် ပူမနေပါနဲ့"

ကျွန်မက တတွတ်တွတ် ပြောနေလိုက်မိ၏။

ကျွန်မ ဖက်လိုက်တဲ့အချိန်မှာ အမေ တစ်ချက်တွန့်သွားတယ်။ ကျွန်မနှုတ်က တတွတ်တွတ်ပြောနေတဲ့ အချိန်မှာလည်း စောစောက ညှိုးငယ်နေတဲ့ အမေ့မျက်နှာဟာ လန်းရွှင်လာတာကို တွေ့လိုက်ရတယ်။

"ငါ့နားထဲမှာ ငါ့သမီးလေးရဲ့ခေါ်သံကို ကြားလိုက်ရသလိုပဲ"

အမေက အဖေ့ကို လှမ်းပြောလိုက်တယ်။

"မင်းကလည်းကွာ . . . ဘာတွေလာပြောနေတာလဲ"

အဖေက အမေ့ကို ထိတ်ထိတ်ပျာပျာနဲ့ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဟုတ်တယ် ကိုအောင်ထွန်းရဲ့ . . . ကျွန်မရဲ့နားထဲမှာ သမီးရဲ့ခေါ်သံကို ကြားလိုက်သလိုပဲ၊ အခုပဲ သမီးကိုယ်တိုင် ကျွန်မတို့အနားမှာ လာရပ်နေသလို ခံစားနေရတယ်"

အမေကပြောပြီး ဟိုဟိုဒီဒီ လိုက်ကြည့်နေတယ်။ ကျွန်မ အားတက်သွားတယ်။ သူစိမ်းတွေမဟုတ်ဘဲ သမီးနဲ့အမေမို့လို့များလား မသိဘူး . . . စိတ်ချင်းဆက်သွယ်မှု ရှိနေတယ်ထင်ပါရဲ့။ ကျွန်မ သူ့အနားမှာ ရောက်နေတယ်ဆိုတာ အမေသိနေတယ်။ ကျွန်မခေါ်သံကို အမေကြားနေတယ်။

"အမေရယ် . . . သမီးအတွက် အမေ မပူပါနဲ့၊ စိတ်အေးအေးထားပါ၊ အချိန်တန်တော့ ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဖြစ်သွားပါလိမ့်မယ်၊ အမေလည်း တရားရိပ်သာ ဝင်နေတာပဲလေ၊ တရားနဲ့ဖြေပါ အမေရယ်၊ အမေပဲ အစက ပြောပြောနေတာ၊ လောကကြီးမှာ ဘာမှမမြဲဘူးလို့၊ ဖြစ်တာ

www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် တစ်နေ့ ပျက်သွားကြရမယ်ဆို''

''ဖေကြီး . . . ရှင့်သမီးလေး ကျွန်မနားမှာ ဘာတွေပြောမှန်း မသိဘူး၊ တတွတ်တွတ်နဲ့ လာပြောနေတယ်လို့ ခံစားနေရတယ်၊ သမီးလေး ကျန်းမာပါစေ၊ သမီးလေး ချမ်းသာပါစေ၊ သမီးလေး အန္တရာယ်ကင်းရှင်းပါစေ''

''မေကြီးကလည်းကွာ သတိလေးထားစမ်းပါဦး၊ သမီးလေးက ခွဲစိတ်ခန်းထဲမှာ ရှိပါတယ်၊ ဆရာဝန်တွေက တို့သမီးလေးကို ဂရုတစိုက် ခွဲစိတ်ကုသနေတဲ့ဥစ္စာ၊ မကြာခင် ကောင်းမွန်လာတော့မှာပါ၊ မေကြီး ဘာမှစိုးရိမ်မနေပါနဲ့''

အဖေက အမေ့ကို နှစ်သိမ့်စကားဆိုလိုက်တယ်။ ပိုင်စိုးကတော့ မလှမ်းကမ်းကနေပြီး ကျွန်မ လုပ်ပုံကိုင်ပုံတွေကို ကြည့်နေတယ်။

ကျွန်မက အမေ့ကို ဖက်ထားရာကနေပြီး အဖေ့ဘေးမှာရပ်နေတဲ့ ကျွန်မရဲ့ညီမလေးရဲ့ပခုံးကို လှမ်းဖက်လိုက်တယ်။ ညီမလေး ကြက်သီးတစ်ချက်ထသွားတယ်။

''ညီမလေးရေ . . . မမအတွက် စိတ်မေးသာက ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မနေပါနဲ့၊ မမ ညီမလေးအနားမှာ ရှိနေတာပဲ၊ ညီမလေး မတွေ့လို့ပါ၊ ညီမလေး မမကိုချစ်တယ်ဆိုတာ မမသိပါတယ် ကွယ်၊ မမကလည်း ညီမလေးကို အချစ်ရဆုံးပါကွယ်''

ကျွန်မက တတွတ်တွတ်ပြောလိုက်တော့ ငေးငိုင်နေတဲ့ ညီမလေးရဲ့ မျက်နှာလေးဟာ ပန်းကလေးလို လန်းရွှင်လာတယ်။

''မေမေ ...သမီးကို မမ စကားတွေလာပြောနေသလိုပဲ''

ညီမလေးက အမေ့ကိုပြောလိုက်တယ်။ သူ့အသံက ဖေဖေကြားမှာစိုးလို့ တိုးတိုးကလေး။ ကျွန်မ ညီမလေးကို ထားရာက နောက်ကိုဆုတ်လိုက်တယ်။ အမေ့ကိုကြည့်လိုက်တော့ အမေ့မျက်နှာကလည်း စောစောကလို မှိုင်းမနေတော့ဘဲ လန်းဆန်းလာတာကို တွေ့ရတယ်။

ကျွန်မ သူတို့အနားကို ရောက်နေတဲ့အတွက် သူတို့ အားလုံးရဲ့စိတ်တွေ တဒင်္ဂတော့ သက်သာရာ ရသွားကြပုံ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေခြည် ...ကိုယ်တို့သွားကြရအောင်"

ခပ်လှမ်းလှမ်းမှာရပ်နေတဲ့ ပိုင်စိုးက ကျွန်မကို လှမ်းပြောတယ်။ ကျွန်မ ဘာကြောင့်မှန်းမသိ သူခေါ်တာကို မငြင်းမိဘဲ သူ့အနားကို ရောက်သွားမိတယ်။

"ဘယ်ကိုသွားမှာလဲ"

"တစ်နေရာရာကိုပေါ့"

ပိုင်စိုးရဲ့အဖြေက မရေမရာဖြစ်နေတာ ကျွန်မ သတိထားမိလိုက်တယ်။

"နင့်အဖြေက မရေရာဘူးထင်တယ် ပိုင်စိုး၊ တစ်နေရာရာဆိုတာ ဘယ်လိုနေရာလဲဟင်"

"ငါ့အဖြေက မရေရာတာမဟုတ်ဘူး နေခြည်၊ နင့်ရပ်အခြေအနေကိုက မရေမရာဖြစ်နေတာ၊ အဲဒါ ငါကလည်း နင့်ကို ဘယ်နေရာခေါ်သွားရမှန်းမသိတော့ဘူး ဖြစ်နေတယ်"

"အံ့သြစရာပဲ ...ဒါဆို ဘာမှ ရေရေရာရာမရှိတော့ဘူးပေါ့"

"ဟုတ်တယ်၊ နင့်ရဲ့အခြေအနေ ရေရေရာရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ဘယ်နေရာကိုသွားရမယ်ဆိုတာ အဖြေတိတိကျကျ သိလာမှာပါ”

ကျွန်မစိတ်ထဲ ပိုင်စိုးစကားတွေက ပဟေဠိဆန်နေတယ်လို့ ထင်မိတယ်။ သူ ဒီစကားတွေကို ဘာအဓိပ္ပာယ်နဲ့ ပြောနေတာလဲ။ ကျွန်မ နားမလည်ဘူး။ ဒါပေမဲ့ အဓိပ္ပာယ် တစ်ခုခု ရှိနေလိမ့်မယ်ဆိုတာကိုတော့ ကျွန်မ သိနေတယ်။

ကျွန်မကိုယ်တိုင်ရဲ့ အခြေအနေကို ရေရေရာရာမရှိသေး ဖြစ်နေတယ်ဆိုတာ ခွဲစိတ်ခန်းထဲက ကျွန်မရုပ်အခွံရဲ့ အခြေအနေကို ပြောတာလား။ အဲဒီရုပ်အခွံရဲ့ အခြေအနေကို စောင့်ကြည့်နေရဦးမှာလား။ ကျွန်မ ပိုင်စိုးကို မေးလိုက်မိတယ်။

“ငါ့ရဲ့အခြေအနေ ရေရေရာရာဖြစ်သွားရင်ဆိုတာ ဘာကိုပြောတာလဲ ပိုင်စိုး”

“ဪ ... ဒါလား ... ဒါက နင့်ရဲ့ရုပ်အခွံကို ပြောတာပါ၊ ရုပ်အခွံက ဘာဖြစ်မှန်းမသိသေးဘဲ စိတ်အနေနဲ့ ဘယ်ကိုသွားရမယ်ဆိုတာ မသိနိုင်ဘူးလေ၊ ရုပ်အခွံနဲ့



www.burmeseclassic.com

www.burmeseclassic.com



"စိတ်အနှစ်ဟာ တစ်ခုနဲ့တစ်ခု ဆက်သွယ်နေကြတယ်၊ စိ
အနှစ်ဟာ ရုပ်အခွံထဲ ပြန်ပြီးဝင်ဖို့ ရှိုးမလား မသိသေး
ရုပ်အခွံပြန်ကောင်းသွားရင် စိတ်အနှစ်က ရုပ်အခွံထဲ ပြ
ဝင်သွားမှာ သေချာတယ်"

"တကယ်လို့ ရုပ်အခွံက ပြန်မကောင်းတော့
ဆိုရင်ကော ပိုင်စိုး"

"အဲဒါဆိုရင်တော့ ..."

ပိုင်စိုးက ကျွန်မကို စူးစိုက်ကြည့်နေတယ်။ သူ့မျ
လုံးတွေကြည့်ရတာ တစ်မျိုးပဲလို့ ကျွန်မထင်လိုက်မိတ

"ပြောလေ ပိုင်စိုး ... အဲဒါဆိုရင် ဘယ်လိုဆ
ဖြစ်မလဲ"

"ဒါကလည်း နင့်ရဲ့စိတ်အနှစ်ပေါ်မှာ မူတည်တ
နင့်စိတ်အနှစ်ရဲ့ ညွှတ်ရာအာရုံအတိုင်း တစ်နေရာရာကို
ရောက်သွားနိုင်တယ်"

ပိုင်စိုးပြောတာတွေ ကျွန်မ သိပ်ပြီးနားမလည်
စိတ်အနှစ်က ဘယ်ကို အာရုံညွှတ်ရမှာလဲ၊ ကျွန်မက မ



www.burmeseclassic.com

www.burmeseclassic.com



စားတော့ဘဲ ဆေးရုံအပြင်ဘက်ကို ထွက်လာခဲ့တယ်။ အပြင်ရောက်တော့ ကားတွေ လူတွေ မမြင်ရဘဲ အေးချမ်းတိတ်ဆိတ် နေတာကို တွေ့ရ တယ်၊ ကြည်လင်အေးမြတဲ့ အလင်းရောင်ဟာ အပြင်ဘက်မှာ ထွန်းလင်းနေတယ်။ အဲဒီ အလင်းရောင်ဟာ နေရောင်လရောင်နဲ့ မတူဘူး။ လျှပ်စစ်မီးရောင်နဲ့လည်း မတူဘူး။ ထူးခြားတဲ့အလင်းရောင် တစ်မျိုးပဲလို့ ကျွန်မ ထင်တယ်။

အမှန်ဆိုရင် ဆေးရုံအပြင်ဘက်မှာ လူတွေ ကားတွေ ရှုပ်ထွေးသွားလာနေရမည်။ အခုတော့ အဲဒါတွေ တစ်ခုမှမရှိဘဲ မြင်ကွင်းက ပြောင်းလဲနေသည်။

"မြင်ကွင်းက ပြောင်းလဲသွားပါလား ပိုင်စိုး . . . ထူးဆန်းလိုက်တာဟယ်"

"မြင်ကွင်းက ပြောင်းလဲသွားမှာပေါ့၊ နင့်အခြေအနေကလည်း ပြောင်းလဲသွားပြီကိုး"

"ဟင် . . . ငါ့အခြေအနေ ပြောင်းလဲသွားပြီ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် နေခြည် ... နင့်အခြေအနေ ပြော
လဲသွားပြီ"

"ဒါဆိုရင် ငါသေသွားပြီလား ပိုင်စိုး"

"နင်ကိုယ်တိုင်က နင့်ကိုယ်နင် သေမှန်း၊ မသေမှ
မသိသေးရင် ငါက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ နေခြ
ရယ်"

ပိုင်စိုးက ကျွန်မနံဘေးမှာ ရပ်နေတယ်။ ကျွန်
သူ့ကို စကားတစ်ခွန်း ဖျတ်ခနဲ မေးလိုက်မိတယ်။

"ဘာလဲ ... နင်က သေမင်းရဲ့တမန်တော်လား
ပိုင်စိုး"

ပိုင်စိုးက ပျာပျာသလဲ လက်ကာရင်း ...

"နင် အတွေးမှားနေပြီ နေခြည်၊ သေမင်းမှာ တမ
တော်မရှိဘူး၊ သေတဲ့သူကသာ သေမင်းဆီ သူ့ဘာသာသ
သွားရတာပါ၊ ငါဟာ သေမင်းရဲ့တမန်တော် မဟုတ်ပါဘူ
ပြောရရင် သံယောဇဉ်ရဲ့ တမန်တော်ပါ၊ နင့်အပေါ် ချစ်ခဲ့ဖူ
တဲ့ သံယောဇဉ်ကြောင့် နင့်ဆီရောက်လာခဲ့ရတဲ့ သံယောဇ


www.burmeseclassic.com

www.burmeseclassic.com



အမန်တော်ပါ"

ကျွန်မတို့နှစ်ယောက် လမ်းမပေါ် ရောက်လာခဲ့ကြတယ်။ လမ်းမပေါ်မှာ ကျွန်မတို့နှစ်ယောက်တည်းရှိပြီး တစ်လမ်းလုံး ရှင်းနေတယ်။ ပြီးတော့ တိတ်ဆိတ်ငြိမ်သက်နေတယ်။

"အခြေအနေက ဟိုဘက်ဒီဘက်မှာ ရှိနေတယ်ထင်တယ်"

ပိုင်စိုးက ဘာကိုဆိုလိုမှန်းမသိတဲ့စကားကို ပြောလိုက်တယ်။ ပိုင်စိုးက ဆက်ပြောပြန်တယ်။

"ငါစိုးရိမ်တယ်၊ နင်တစ်ခုခုဖြစ်သွားမှာ စိုးရိမ်တယ်၊ အခု နင့်အနေအထားက ဟိုဘက်ဒီဘက် လျှာမထွက်သေးတဲ့ ချိန်ခွင်တစ်ခုကို ကိုင်ထားရသလိုမျိုး ဖြစ်နေတယ်"

"ငါသိပါတယ် ပိုင်စိုး၊ နင်ဟာ ငါ့ရုပ်အခွံအတွက် စိုးရိမ်နေတာမဟုတ်ဘဲ ငါ့စိတ်အနှစ်အတွက် စိုးရိမ်နေတာ မဟုတ်လား"

"ဟုတ်တယ် နေခြည်၊ နင်ပြောတာမှန်တယ်၊ နင့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှစ်အတွက် ငါစိုးရိမ်မိတယ်၊ အလှည့်အပြောင်းထဲမှာ ရုပ်အခွံက အဓိကမကျလှဘူး၊ စိတ်အနှစ်ကပဲ အဓိကကျတယ်၊ ဒါကြောင့် ငါ နင့်စိတ်အနှစ်အတွက် စိုးရိမ်နေတာပေါ့၊ နင့်ရဲ့ စိတ်အနှစ်ဟာ ဘယ်နေရာကို အာရုံညွှတ်မှာလဲ၊ အဲဒီညွှတ်တဲ့ နေရာကို နင်ရောက်သွားလိမ့်မယ်"

"ဒါဆိုရင် စိတ်အနှစ်ဟာ အံ့ဩစရာတစ်ခုပဲပေါ့ ပိုင်စိုး"

"ဟုတ်တ-ယ် ...ငါ့တုန်းကလည်း စိတ်အနှစ်ရဲ့ အာရုံညွှတ်ရာဆီကို ရောက်သွားခဲ့ရတယ်၊ ဒါပေမဲ့ ဒီအကြောင်းတွေကို ဒီအချိန်မှာ ငါမပြောချင်တော့ဘူး"

ကျွန်မတို့နှစ်ယောက် အတူယှဉ်တွဲပြီး လျှောက်လာခဲ့ကြတယ်။

"နေခြည်ရယ် ...ငါ နင်နဲ့တွေ့ရလို့ အင်မတန်ပျော်ရွှင်ဝမ်းမြောက်ခဲ့ရတယ်၊ ဒါပေမဲ့ အမှန်မှာတော့ ဝမ်းမမြောက်နိုင်သေးဘူး၊ တစ်ဝက်ပဲ ဝမ်းမြောက်နိုင်သေးတယ်၊ ကျန်တစ်ဝက်က ငါ့အတွက် မသေချာဘူး၊ ဝမ်းမြောက်ချင်

www.burmeseclassic.com

www.burmeseclassic.com



...်းမြောက်သွားနိုင်သလို ဝမ်းနည်းချင်လည်း ဝမ်းနည်းသွား ...်တယ်၊ ဒါကလည်း နင့်ရဲ့စိတ်အနှစ်ပေါ်မှာ မူတည်နေ ...ယ်၊ ဒီအချိန်မှာ နင့်ရဲ့စိတ်အနှစ်ဟာ ကောင်းကင်က ...မ်တိုက်တွေလို လေနှင်ရာ လွင့်မျောသွားနိုင်တယ်၊ လေ ...်းပြင်းတိုက်လိုက်ရင် ပိုဝေးဝေး ရောက်ရှိသွားနိုင်တယ်၊ ...်တိုင်းတိုက်လိုက်ရင်တော့ အဆုံးအစမရှိတဲ့ အဝေးကြီးကို ...ာင် ရောက်သွားနိုင်တယ်၊ ငါဖြစ်စေချင်တာက နင့်ရဲ့စိတ် ...နှစ်ဟာ တိမ်တိုက်တစ်ခုလိုမျိုးမဟုတ်ဘဲ ရဲတိုက်တစ်ခုလို ...ည်တံ့ခိုင်မာစေချင်တယ်၊ ဒါပေမဲ့ ရဲတိုက်ပုံစံမျိုးတော့ ...စ်မလာနိုင်ပါဘူး၊ တိမ်တိုက်ပဲ ဖြစ်နေမှာပါလေ ...ငါ ...ပါတယ်''

ပိုင်စိုးက ကျွန်မနံဘေးကလျှောက်လာရင်း တတွတ် ...တ် ပြောနေတယ်။

''ခရီးတစ်ခုကို အဆုံးအထိ အတူတူသွားဖို့ဆိုတာ ...လွယ်လှဘူး၊ တစ်ခုသောအနေအထားအထိသာ အတူတူ ...ွားနိုင်ကြလိမ့်မယ်''

www.burmeseclassic.com

www.burmeseclassic.com



ပိုင်စိုးအသံတွေက တုန်ယင်နေသလို ထင်ရတယ်။

"နှင် ဘာကိုဆိုလိုတာလဲ ပိုင်စိုး"

"လူဆိုတာ သူ့ကံနဲ့သူလာကြတာ၊ ကံချင်း မတူနိုင်ကြဘူး၊ ကံချင်းမတူရင် ခရီးတစ်ခုကို အဆုံးအထိ အတူတူမသွားနိုင်ဘူး။ ကံချင်းတူသူသာ သွားနိုင်ကြလိမ့်မယ်၊ ဒါပေမဲ့ ကံချင်းတူတဲ့သူဆိုတာ အင်မတန်ရှားပါတယ်"

ပိုင်စိုးက ပြောပြီးအတန်ကြာ ဘာမျှမပြောဘဲ တိတ်ဆိတ်နေပြန်တယ်။

"နှင်နဲ့ ငါနဲ့ ရည်းစားဘဝတုန်းက အကြောင်းတွေကို ငါသတိရတယ် နေခြည် ... ငါ ဘယ်တော့မှ မမေ့ဘူး"

"ဟုတ်ပါတယ် ... ဒါတော့ ငါယုံတယ်၊ နှင်ပြောခဲ့တာတွေ ငါမှတ်မိပါသေးတယ်"

"နေခြည်ရယ်တဲ့ နှင်နဲ့ငါနဲ့ ငါအရင်သေသွားခဲ့လို့ တမလွန်ဘဝ ရောက်နေရတာတောင် ငါ နှင့်ကို အမြဲတမ်း သတိရနေမှာပါတဲ့ ... နှင်ပြောခဲ့တာလေ"

"အေး ... အေး ... ဒါတွေ နှင် မှတ်မိသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



နော်''

''မှတ်မိတာပေါ့ဟာယ်''

''ဟုတ်တယ် နေခြည်၊ ငါ နင့်ကို အရမ်းချစ်ခဲ့တယ်၊ နင်ကလည်း ငါ့ကိုချစ်ခဲ့တယ်၊ ဒါပေမဲ့ တို့တွေကို သေမင်းက ခွဲသွားခဲ့တယ်၊ သေမင်းက ဘဝချင်းကို ကွဲအောင်ခွဲနိုင်ပေမယ့် တို့ရင်ထဲကချစ်ခြင်းကိုတော့ ကွဲအောင်မခွဲနိုင်ခဲ့ဘူး မဟုတ်လား၊ ဒါပဲလေ ... ဘဝချင်းကွဲနေပေမယ့် ချစ်ခြင်းက ဘယ်တော့မှ မကွဲဘူး၊ အခု ငါတို့ သိရပြီလေ''

သူကပြောပြီး ကျွန်မလက်ကို တင်းတင်းရင်းရင်း ဆုပ်ကိုင်လိုက်တယ်။ နွေးနွေးထွေးထွေးရှိရမယ့် ချစ်သူရဲ့ လက်တွေဟာ နွေးနွေးထွေးထွေးမရှိဘဲ အေးစက်နေကြတယ်။ ဘယ်လို ဖြစ်တာပါလိမ့်။ ကျွန်မ အံ့သြနေမိတယ်။ အဲ့ဒီအချိန်မှာပဲ အံ့သြစရာတစ်ခုက ထပ်ပြီးပေါ်လာပြန်တယ်။

စောစောက လင်းနေတဲ့ အလင်းရောင်ဟာ တဖြည်းဖြည်းချင်း ပျောက်ကွယ်သွားနေတာပါပဲ။ အဲဒီလို ပျောက်ကွယ် သွားနေတာနဲ့အတူ အရိပ်မည်းကြီးတစ်ခုက ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ကို တဖြည်းဖြည်းနှင့် အုပ်မိုးလာနေတယ်။ ကြီးမားရဲ့ ငှက်ကြီးတစ်ကောင် ပျံသန်းလာပြီး ကျွန်မတို့အပေါ် အုပ်မိုးလိုက်သလိုပါပဲ။

မီးရထားတစ်စီး လိုဏ်ခေါင်းတစ်ခုထဲ ဝင်ရောက်မိသလိုမျိုးနဲ့လည်း တူနေပြန်တယ်။ ကျွန်မကိုယ်တိုင် အမှောင်ထဲကို ဝင်ရောက်သွားတာများလား။ အမှောင်ကပဲ ကျွန်မကို ဆွဲခေါ်သွားတာများလား။ ကျွန်မ စဉ်းစားလို့မရဘူး ဖြစ်နေတယ်။

အလင်းရောင် ပျောက်ကွယ်သွားပေမယ့် တိတ်ဆိတ်ငြိမ်သက်မှုကတော့ ပျောက်ကွယ်မသွားခဲ့ဘူး။ ကျွန်မ သတိရလို့ ကြည့်လိုက်မိတော့ ကျွန်မနားမှာ ပိုင်စိုးကို မတွေ့ရတော့ဘူး။ အမှောင်ထဲမှာ ဘာမှမမြင်ရတော့ပေမယ့် သူ မရှိတော့ဘူးဆိုတာ သိနေတယ်။ သေချာတာကတော့ သူ့အသံကိုပါ မကြားရတော့တာပါပဲ။

သူ ဘယ်ကိုထွက်သွားသလဲ။ ကျွန်မကို ဒေါ်မလွန်ဘဝရောက်တဲ့အထိတောင် မမေ့ပါဘူးဆိုပြီး အခုတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ထားရစ်ခဲ့ပြီလား။

ကျွန်မစိတ်ထဲ အားငယ်သလို ဖြစ်လာမိတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ ကျွန်မ ဘာလုပ်ရမှန်း မသိတော့ဘူး။

ကျွန်မစိတ်ထင်တော့ မိုးချုပ်လာပြီထင်တာပဲ။ အမှောင်ထုက တောင်ကြီးတစ်လုံးလို ကျွန်မအပေါ် ပိကျလာတယ်။ အဲဒီအချိန်မှာပဲ လေထုက တဟူးဟူးတိုက်လာတယ်။ ကျွန်မပတ်ဝန်းကျင်မှာ ဘာဆိုဘာမှ မမြင်ရအောင် မှောင်ညည်းနေတယ်။ ကျွန်မ ပိုင်စိုးကို အော်ခေါ်မိတယ်။ ဒါပေမဲ့ ကျွန်မခေါ်သံက တဟူးဟူးတိုက်နေတဲ့ လေထဲမှာ ပျောက်ကွယ်သွားတယ်။ ပိုင်စိုး ဘယ်ရောက်သွားသလဲ။ လေထဲ လွင့်ပါသွားသလား။ ကျွန်မကရော ဘာကြောင့် လေထဲ လွင့်ပါမသွားရတာလဲ။

အဲဒီအချိန်မှာ ကျွန်မ မျက်လုံးတွေ မှေးစင်းလာတယ်။ လှဲပြီးအိပ်ချလိုက်ရင် အိပ်ပျော်သွားမယ်ဆိုတာ ကျွန်မ သိနေတယ်။ ဘယ်လိုနေရာမှန်းမသိတဲ့ နေရာမျိုးမှာတော့

www.burmeseclassic.com

www.burmeseclassic.com



လုံပြီး မအိပ်လိုက်ချင်ပါဘူး။

ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ကျွန်မတစ်ယောက်တည်း ရှိနေပါလားဆိုတဲ့အသိက ကျွန်မစိတ်ထဲ ဝင်လာတယ်။ အချိန်တန်တော့ လူဆိုတာ အရာရာကို တစ်ယောက်တည်း ရင်ဆိုင်ရပါလား။

ကျွန်မ ခြေထောက်တွေ လေးလံလာတယ်။ ကျွန်မနေရာမှာ ထိုင်ချလိုက်မိတယ်။ အောက်ဘက်မှာ မြက်ခင်းလိုလို နူးညံ့တဲ့အထိအတွေ့ကို ခံစားရတယ်။ ဒါနဲ့ ကျွန်မလည်း လှဲချလိုက်တယ်။ လှဲချလိုက်မိတာနဲ့တစ်ပြိုင်နက် ချက်ချင်း ကျွန်မ အိပ်ပျော်သွားတော့တယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မုံရိပ် [၄]

"ကျွန်မ အိပ်ရာကနိုးလာတော့ အခုလို တွေ့လိုက်ရတာပါပဲရှင်"

"ဒါဆိုရင် မင်းနာမည်က နေခြည်ပေါ့"

"ဟုတ်ပါတယ်ရှင် . . . ဒါနဲ့ ရှင့်နာမည်ကကော"

"ကျွန်တော့်နာမည်က မင်းနိုင်ပါ"

"ကိုမင်းနိုင်ရော ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်


www.burmeseclassic.com

www.burmeseclassic.com



လာတာလဲ''

"ကျွန်တော် ဘယ်လိုလုပ် ရောက်လာသလဲ ... ဟုတ်လား။ ကျွန်တော် စဉ်းစားလို့မရဘူးဗျာ၊ နေခြည်က ကျွန်တော့်ထက် တော်တယ်၊ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို မှတ်မိတယ်၊ ကျွန်တော်ကတော့ မမှတ်မိဘူး၊ ကျွန်တော့်မှတ်ဉာဏ် သိပ်ညံ့တာပဲ''

"ဒါပေမဲ့ ကိုယ့်နာမည် ကိုယ်မှတ်မိတာတော့ တော်သေးတာပေါ့''

"အင်း ... ဟုတ်တယ်၊ ကျွန်တော့်နာမည် မင်းနိုင်ပါ၊ ဒါတော့ ကျွန်တော် သေသေချာချာ မှတ်မိတယ်''

"ဒါဆိုရင် ကျန်တာတွေ မမှတ်မိတော့ဘူးပေါ့''

"အင်း ... မှတ်မိသလိုလို မမှတ်မိသလိုလိုပဲ နေခြည်ရာ၊ ကျွန်တော် အိပ်ပျော်သွားပြီး ဒီနေရာကို ရောက်လာတယ် ထင်တာပဲ''

"ရှင် သေသေချာချာ စဉ်းစားကြည့်ပါဦး ကိုမင်းနိုင် ... မှတ်မိချင် မှတ်မိလာမှာပါ၊ ကျွန်မတောင် မှတ်မိသေး



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ရှင်လည်း မှတ်မိရမှာပေါ့"

မင်းနိုင် ဘာမှပြန်မပြောတော့။ စကားသံ တိတ်သွားသည်။ နေခြည်က နားစွင့်နေ၏။

မင်းနိုင်က တစ်စုံတရာ ပြန်လည်စဉ်းစားနေပုံရ၏။ နေခြည်လည်း စဉ်းစားနေမိ၏။ မင်းနိုင်ပြောစကားအရ ဆိုလျှင် သူတို့နှစ်ယောက် ယခု မြေတွင်းထဲ ရောက်နေကြသည်။ ဘာကြောင့် မြေတွင်းထဲ ရောက်နေရသနည်း။ သူတို့နှစ်ယောက်ကို သေပြီဆိုပြီး ဤနေရာသို့ လာရောက်မြှုပ်နှံသွားခဲ့ကြလေသလော။

သို့သော် သူတို့နှစ်ယောက်ကို အတူတကွ မြှုပ်နှံရအောင် သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဘယ်တုန်းကမှ သိကျွမ်းခင်မင်ခဲ့ကြဖူးသူများ မဟုတ်ပေ။

ဒီမြေတွင်းထဲက အပြင်ဘက်သို့ရောက်အောင် ဘယ်လို ထွက်ရမည်နည်း။ တစ်နည်းနည်းဖြင့်တော့ ရှာအောင်ထွက်ရမည်။ နေခြည် ပြန်စဉ်းစားကြည့်သည်။ သူ ရုတ်တရက် ကားတိုက်ခံရသည်။ ကားတိုက်ခံရပြီးနောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးကွယ်လွန်ပြီးဖြစ်သော ချစ်သူပိုင်စိုးနှင့် တွေ့ရသည်။ ထို့နောက် ခွဲစိတ်ခုတင်ပေါ် ရောက်နေသော သူ၏ရုပ်အန္တကို သူတွေ့ရသည်။ ပြီးတော့ ပိုင်စိုးနှင့် ဆေးရုံအပြင်ဘက်သို့ ထွက်လာခဲ့သည်။ ထို့နောက် ပိုင်စိုးပျောက်သွားပြီး သူမ အိပ်ပျော်သွားခဲ့ကာ အခု ဒီနေရာသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

"နေခြည်"

"ရှင်"

တစ်ဖက်မြေတွင်းထဲမှ အသံက ထွက်ပေါ်လာသည်။

"နေခြည် . . . ကျွန်တော် စဉ်းစားလို့ရပြီ"

"ဘာကိုစဉ်းစားလို့ရတာလဲ ကိုမင်းနိုင်"

ကျွန်မက ပြန်မေးလိုက်မိသည်။

"နေခြည် ကားတိုက်ခံရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ကိုမင်းနိုင်"

"ကျွန်တော်လည်း ကားဆီးဒင့်ဖြစ်ခဲ့တယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မှတ်မိလာပြီ''

''ပြောပါဦး ကိုမင်းနိုင်''

''တစ်နေ့ ကျွန်တော် အလုပ်ကိစ္စတစ်ခုနဲ့ မြို့တစ်မြို့ကို အသွား ကျွန်တော်မောင်းလာတဲ့ကားနဲ့ တခြားကား တစ်စီး လမ်းမှာ ပြင်းပြင်းထန်ထန် တိုက်မိကြတယ်၊ ကျွန်တော့်ကားလေးဟာ ဘီးတွေဖင်ထောင်ပြီး ကားအမိုးဟာ ကတ္တရာလမ်းမပေါ် ရောက်သွားတယ်၊ ကျွန်တော့်ဦးခေါင်း လည်း ဟက်တက်ကွဲသွားခဲ့ရတယ်၊ အဲဒီနောက်တော့ ကျွန်တော် ဆေးရုံရောက်သွားတယ်၊ ဆရာဝန်တွေ သူတို့အချင်းချင်း ပြောနေသံတွေကို ကျွန်တော်ကြားရတယ်၊

ကျွန်တော့်အခြေအနေ တော်တော့်ကို ဆိုးဆိုးရွားရွားဖြစ်သွားတာတဲ့၊ ကျွန်တော်ဟာ ခွဲစိတ်ခုတင်ပေါ်မှာ မေ့မျောနေပေမယ့် ဆရာဝန်တွေ ပြောဆိုနေကြတာတွေကို ကြားနေရတာတော့ အံ့ဩစရာကောင်းနေတယ်၊

''အင်း ... သူ့အခြေအနေက တော်တော်ဆိုးတယ်၊ မျက်လုံးနှစ်လုံးစလုံး ပေါက်ထွက်သွားတယ်၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအရေပြားအောက်က အရိုးတွေမှန်သမျှ ကျိုးပဲ့လု နီးနီးဖြစ်သွားတယ်၊ ဦးနှောက်ကို ထိခိုက်မိတဲ့ဒဏ်ကြောင့် ညာဘက်ကိုယ်တစ်ခြမ်း လေဖြန်းသွားရှာပြီ”

ဆရာဝန်တွေရဲ့စကားကြောင့် ကျွန်တော် အကြီးအကျယ် တုန်လှုပ်သွားတယ်၊ ဒါပေမဲ့ ကျွန်တော့်အခြေအနေက သူတို့ပြောသလောက် မဆိုးပါဘူး၊ ကျွန်တော့်မျက်လုံးအစုံက သူတို့ကို မြင်နေရတယ်၊ သူတို့ပြောတော့ ကျွန်တော့်မျက်လုံးအစုံက ပေါက်ထွက်သွားတယ်တဲ့၊ ပေါက်ထွက်သွားတယ်ဆိုရင် ကျွန်တော် သူတို့ကို ဘယ်မြင်နိုင်ပါ့မလဲ၊ ဒါပေမဲ့ ကျွန်တော် သူတို့ကို မြင်နေရတယ်၊ မြင်နေရပြီဆိုကတည်းက ကျွန်တော့်မျက်လုံး နှစ်လုံးစလုံး ပေါက်ထွက်မသွားလို့ပေါ့၊ ပြီးတော့ ကျွန်တော့်ညာဘက်ကိုယ်တစ်ခြမ်း လေဖြန်းသွားရှာပြီတဲ့၊ လေဖြန်းရင် ကျွန်တော့်ခန္ဓာကိုယ်က ဘယ်လိုလုပ်ပြီး လှုပ်ရှားလို့ ရတော့မှာလဲ၊ အခုတော့ လှုပ်ရှားလို့ ရနေတယ်၊

ဒါပေမဲ့ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးကတော့ ခွဲစိတ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်ရောက်နေတယ်၊ အံ့သြစရာပဲ၊ နေခြည်ပြောသလို ကျွန်တော့်ရဲ့ ရုပ်အခွံပဲထင်ပါရဲ့"

"နောက်ကော ရှင် ဘာတွေဖြစ်သေးသလဲ"

"ကျွန်တော်ကတော့ နေခြည့်လောက် ကံမကောင်းဘူး၊ ဘာကြောင့်လဲဆိုတော့ နေခြည့်လို ကွယ်လွန်ပြီးတဲ့ ချစ်သူနဲ့ မတွေ့ခဲ့ရပါဘူး"

"ဒါဆို ရှင့်ချစ်သူက မကွယ်လွန်သေးဘူးပေါ့ ... ဟုတ်လား"

"ကွယ်လွန်ပြီးသွားပါပြီ"

"ရှင် ... ကွယ်လွန်သွားပြီ ... ဟုတ်လား"

"ဟုတ်တယ် ... ကျွန်တော့်ချစ်သူဟာ ကျွန်တော်အားအက်ဆီးဒင့်ဖြစ်တဲ့အခိုက်မှာ ကျွန်တော်နဲ့အတူ လိုက်ပါလာခဲ့တယ်လေ၊ အက်ဆီးဒင့်ဖြစ်တော့ သူက ဖြစ်တဲ့နေရာမှာတင် ပွဲချင်းပြီးသေဆုံးသွားခဲ့တယ် ...။

သူ့နာမည်က မိုးမိုးတဲ့၊ ကျွန်တော့်ကို သိပ်ပြီးချစ်တာ၊ ကျွန်တော်ကလည်း သူ့ကို သိပ်ပြီးချစ်တာ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်ရင် သူက အဲဒီလိုပဲ ကျွန်တော့်နံဘေးမှာ လိုက်ပါ
နေကျပေါ့၊ အဲဒီနေ့ကတော့ ကံဆိုးမိုးမှောင်ကျတဲ့ နေ့ပါပဲ
ကျွန်တော်က အဝေးပြေးကားလမ်းမပေါ်မှာ ကားကို မှန်မှန်
မောင်းနေတုန်း ရုတ်တရက် လေရောမိုးပါ ပြင်းပြင်းထန်ထန်
ရွာချလာတယ်၊ အချိန်က ည(၈)နာရီကျော်လောက် ရှိနေပြီ။
ကားရှေ့မှီးကို အစွမ်းကုန်ဖွင့်ပြီး မောင်းနေပေမယ့်
ကားမီးရောင်က ရှေ့ဝေးဝေးဆီကို သိပ်မရောက်ပါဘူး
မိုးမှောင်ကြီး ကျနေတာကိုး၊ ဒီအချိန်မှာ ရှေ့က ကုန်ကားကြီး
တစ်စီးက ဘွားခနဲပေါ်လာပြီး မျက်နှာချင်းဆိုင် တိုက်မိ
တော့တာပါပဲ၊

တိုက်မိမိချင်းပဲ ကျွန်တော်တို့ကားကလေးဟာ ပက်
လက်လန်သွားပါတယ်၊ ကျွန်တော်က ကားအပြင်ဘက်ကို
လွင့်စဉ်ကျသွားတယ်၊ ကျွန်တော် ဘာဒဏ်ရာအနာတရမှ
မရလိုက်ဘူး၊ ဒါပေမဲ့ ကျွန်တော့်ချစ်သူ မိုးမိုးကတော့ ကား
ထဲမှာ ပိတ်မိနေတယ်၊ ကျွန်တော်ဟာ ကားအပြင်ဘက်
အတော်လှမ်းလှမ်းကို လွင့်စဉ်ကျသွားတယ် . . . ။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပဲ လဲကျနေရာက ကမန်းကတန်းထပြီး
…က်လက်လန်နေတဲ့ကားဆီကို ကျွန်တော် ပြေးသွားတယ်၊
…ားထဲကို လှမ်းကြည့်လိုက်တော့ ကားထဲမှာ လူနှစ်ယောက်
…တ်မိနေပြီး သတိလစ်နေတယ်၊ သွေးသံရဲရဲတွေနဲ့ပေါ့၊
…ားမောင်းသူနေရာမှာတော့ ကျွန်တော်နဲ့ ကျွန်တော့်နံဘေး
…ိုင်ခုံမှာတော့ ကျွန်တော့် ချစ်သူပေါ့၊ နှစ်ယောက်စလုံးဟာ
…လုပ်မယှက်နဲ့ ငြိမ်သက်နေကြပြီ၊ အဲဒီမှာ ကျွန်တော် အံ့ဩ
…ားမိတာပါပဲ၊ ကားမှောက်မှောက်သွားချင်း ကျွန်တော့်ခန္ဓာ
…ယ်ဟာ အပြင်ဘက်ကို လွင့်စဉ်ကျသွားတယ်၊ ဒါပေမဲ့
…ားထဲကို ကျွန်တော်ကြည့်လိုက်တော့ ကားထဲမှာ ကျွန်
…ာ်ရှိနေပြန်တယ်၊ အံ့ဩစရာပဲ၊ လွင့်စဉ်ကျသွားတဲ့ ကျွန်
…ာ်က တစ်ယောက်၊ ကားထဲမှာကျန်ရစ်ခဲ့တဲ့ ကျွန်တော်က
…စ်ယောက်၊ ကျွန်တော်က နှစ်ယောက်ဖြစ်နေတယ်၊
…ယ်လိုဖြစ်သွားတာပါလိမ့်၊ မယုံနိုင်အောင် ကျွန်တော် အံ့ဩ
…ားတယ် …။

ကျွန်တော် နှစ်ကိုယ်ခွဲ ဖြစ်သွားတာလား၊ …ကယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်တော်နှစ်ကိုယ်ခွဲဖြစ်သွားတယ်ဆိုရင် ကျွန်တော့် ချစ်သူမိုးမိုးလည်း နှစ်ကိုယ်ခွဲဖြစ်သွားရမှာပေါ့၊ အခုတော့ ကျွန်တော်ပဲ နှစ်ကိုယ်ခွဲဖြစ်သွားပြီး သူကတော့ နှစ်ကိုယ် ခွဲဖြစ်သွားတာ မတွေ့ရဘူး ...။

အဲဒါနဲ့ ကျွန်တော်က ကျွန်တော့်ချစ်သူရဲ့ နောက် ထပ်တစ်ကိုယ်ခွဲကို တွေ့ရမလားဆိုပြီး ကားမှောက်နေတဲ့ ပတ်ဝန်းကျင်အနှံ့ လိုက်လံရှာဖွေကြည့်ရှုမိတယ်၊ ဒါပေမဲ့ အရိပ်အရောင်တောင် ကျွန်တော်မတွေ့ရပါဘူး၊ ဒါနဲ့ ကျွန်တော် မှောက်နေတဲ့ကားဆီ ပြန်လာခဲ့တယ်၊ ကားထဲမှာ ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူ နှစ်ယောက်စလုံးဟာ ငြိမ်သက် နေတုန်းပဲ ...။

အတော်ကြာတော့မှ လူတွေရောက်လာပြီး ကျွန် တော်တို့နှစ်ယောက်ကို ကားထဲက ဆွဲထုတ်ယူရကြတယ်၊ ပြီးမှ ဆေးရုံကို သယ်ဆောင်သွားကြတယ် ...။

နောက်တော့ ဆရာဝန်တွေရဲ့ ပြောသံတွေကို ကြား ရတာပါပဲ၊ ကျွန်တော့်ချစ်သူ သေဆုံးသွားပြီဆိုတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသက်ကို လုယူရတော့မယ် ဆိုတာပါပဲ ...။

ကျွန်တော့်ချစ်သူ သေသွားပြီဆိုတာ ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ကိုယ်ခွဲကို ကျွန်တော်မတွေ့ရလို့ပါပဲ၊ ဟုတ်တယ် ... သူသေသွားပြီဆိုတာ ဖြစ်နိုင်တယ်၊ ကျွန်တော် ငိုကြွေး လိုက်မိတယ်၊ သူသေသွားပြီ၊ ကျွန်တော့် စိတ်ထဲ တော်တော်ထိခိုက်သွားတယ်၊ သူသေသွားပြီ၊ ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော့်စိတ်တွေ အရမ်း လှုပ်ရှားနေတယ်၊ ဆောက်တည်ရာမရဘဲ ကျွန်တော် လျှောက်သွားနေမိတယ်၊ ကျွန်တော် ဘယ်နေရာတွေ ရောက်ခဲ့သလဲဆိုတာကိုတောင် မသိတော့ဘူး၊ ဒါပေမဲ့ ကျွန်တော် ကောင်းကောင်းမှတ်မိနေတာ တစ်ခုရှိတယ် ...။

ဒါကတော့ ကျွန်တော့်ချစ်သူကို မြှုပ်နှံသင်္ဂြိုဟ်တဲ့ နေ့ပဲ၊ အဲဒီနေ့မှာ ကျွန်တော်ဟာ မြို့စွန်ကသုသာန်ကို ရောက်သွားတယ်၊ ကျွန်တော်ဟာ သုသာန်က အုတ်ဂူတွေကြား လျှောက်သွားနေခဲ့တယ်၊ အံ့သြစရာပဲ၊ အဲဒီသုသာန် ထဲမှာ ဘယ်သူမှ မရှိဘူး၊ ကျွန်တော်တစ်ယောက်တည်းပဲ

www.burmeseclassic.com



ရှိနေတယ်၊ အုတ်ဂူတွေ, မြေပုံမှတ်တိုင်တွေကြားထဲ လျှောက်သွားရတာ ငြီးငွေ့လာတော့ အုတ်ဂူတစ်လုံးပေါ် ကျွန်တော်ထိုင်နေမိတယ် ...။

ကျွန်တော်ထိုင်မိပြီး သိပ်မကြာဘူး။ သုသာန်ထဲကို အသုဘတစ်ခု ချလာတာ တွေ့ရတယ်၊ ကျွန်တော် လှမ်းကြည့်လိုက်တော့ ...

ကျွန်တော့်ရင်ထဲ ...'ဟာခနဲ' ဖြစ်သွားတယ်၊

သုသာန်ယာဉ်ပေါ်က ထုတ်ယူလာတဲ့အခေါင်းကို ကျွန်တော် ကြည့်လိုက်တော့ ကျွန်တော့်ချစ်သူရဲ့အခေါင်း ဖြစ်နေတာကို တွေ့လိုက်ရတယ်၊

မမိုးမိုးဦး

အသက် (၂၂) နှစ်

ဥတ္တရေပ်ကလာပ်

ကျွန်တော် အုတ်ဂူပေါ်ကခုန်ဆင်းပြီး အဲဒီနေရာကို အပြေးသွားမိတယ်၊ ကျွန်တော့်ချစ်သူအခေါင်းကို လူလေးယောက်က ထမ်းလာပြီး အုတ်ဂူသွင်းမယ့်နေရာဆီကို သယ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားနေကြတယ်၊ ကျွန်တော် ဘာလုပ်ရမလဲ၊ ကျွန်တော့် စိတ်တွေ ဆောက်တည်ရာမရ ဖြစ်နေတယ်၊

သူသေသွားပြီ ...။

ကျွန်တော့်ချစ်သူ သေသွားပြီ။

သူ့ကို အုတ်ဂူသွင်းကြတော့မယ်။

ကျွန်တော့်ချစ်သူဟာ လေးဘက်လေးတန် အလုံပိတ်ကာရံထားတဲ့ နေရာတစ်ခုထဲမှာ ထာဝရ နေသွားရတော့မှာပါလား။

အဲဒီအခိုက်မှာ ကျွန်တော်ဟာ ကျွန်တော့်ချစ်သူရဲ့ အခေါင်းကို လှမ်းဆွဲထားလိုက်မိတယ်၊

"ဟေ့ကောင် ... ဘာလို့ရပ်နေတာလဲ ... လျှောက်လေ"

ရှေ့ကနစ်ယောက်က နောက်ကနစ်ယောက်ကို လှမ်းပြောတယ်။

"လျှောက်နေတာပဲကွ ... အခေါင်းကြီးကို ဘယ်စ်ယောက်ယောက်က လှမ်းဆွဲလိုက်တာလားမသိဘူး၊ တုံ့ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာကွ"

"မင်းတို့ကလည်းကွာ မဖြစ်နိုင်တာတွေ ပြောနေပြန်ပြီ၊ ဒီအခေါင်းကြီးကို ဘယ်သူက ဆွဲထားမှာလဲကွ"

"သချိုင်းမှာရှိတဲ့ သရဲတစ္ဆေတွေက ဆွဲထားတာရော မဖြစ်နိုင်ဘူးလား"

"အေး ... ဖြစ်နိုင်တယ်"

သူတို့အပြောကြောင့် ကျွန်တော်တောင် သရဲတစ္ဆေ ဖြစ်သွားခဲ့ရတယ်၊ ဒါနဲ့ ကျွန်တော် ချက်ချင်းပဲ အခေါင်းကြီး ကို ဆွဲထားရာက လွှတ်ပေးလိုက်တယ်၊

"ဟာ ... သရဲက ငါတို့ပြောတာ ကြားတယ်ထင် တယ်၊ ပြန်ပြီး လွှတ်ပေးလိုက်ပြီ"

သူတို့ ဆက်ပြီးလျှောက်သွားကြတယ်။

အုတ်ဂူသွင်းမယ့်နေရာရောက်တော့ အခေါင်းကို မြေပေါ်ချပြီး အုတ်ဂူသွင်းဖို့ ပြင်ဆင်ကြတယ်။ အုတ်ဂူနားမှာ လူတွေဝိုင်းလို့ပေါ့။

မိုးမိုးအဖေအမေနဲ့ ငါ့အဖေအမေတို့လည်း ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရဲ့မျက်နှာဟာ မကောင်းဘူး။ ငါ့ချစ်သူရဲ့အခေါင်းကို အုတ်ဂူထဲ သွင်းလိုက်ကြတယ်၊ အဲဒီလိုသွင်းလိုက်တဲ့အခိုက် ငါလည်း အုတ်ဂူထဲကို ရောပြီးဝင်သွားလိုက်တယ်၊ ငါဝင်သွားတာကို ဘယ်သူမှမတွေ့သလို ဘယ်သူမှလည်း မတားဆီးကြဘူး။ နောက်တော့ သူတို့ အပြင်ဘက်ကနေပြီး အုတ်တွေ အင်္ဂတေတွေနဲ့ အသေပိတ်လိုက်ကြတယ်၊ ငါလည်း အဲဒီအထဲမှာ ပိတ်မိသွားတာပဲ''

"ရှင်''

မင်းနိုင်စကားကြောင့် နေခြည် အံ့ဩတုန်လှုပ်သွားသည်။

"ဒါဆိုရင် ရှင်က ရှင့်ချစ်သူရဲ့အုတ်ဂူထဲမှာ ရောက်နေတာပေါ့ ဟုတ်လား''

တစ်ဖက်မှ ငြိမ်နေ၏။

ဘာသံမှမကြားရပေ။

"ကျွန်မကရော ဘယ်ရောက်နေတာလဲ၊ ကျွန်မက ရော အုတ်ဂူတစ်ခုခုထဲကို ရောက်နေတာလား''



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က အလန့်တကြား မေးမိသည်။ တစ်ဖက်မှ အသံက ပြန်ပေါ်လာသည်။

"ကျွန်တော် ပြန်စဉ်းစားနေတာဗျ၊ ကျွန်တော် မှတ်မိပြီ . . . မှတ်မိပြီ . . . ကျွန်တော် သူ့အုတ်ဂူထဲဝင်သွားပြီး တဲ့နောက် အပြင်က လူတွေက အုတ်ဂူကို ပိတ်လိုက်ကြ တယ်၊ အသုဘပို့တဲ့လူတွေ ပြန်သွားကြတော့ ကျွန်တော် အုတ်ဂူထဲမှာကျန်ခဲ့တယ်၊ ကျွန်တော့်ချစ်သူရဲ့အလောင်းနဲ့ ကျွန်တော် နှစ်ယောက်တည်းပေါ့၊ နောက်တော့ မကြာဘူး . . . ကျွန်တော် အုတ်ဂူထဲမှာ အိပ်ပျော်သွားတယ်၊ အခု နိုးလာတော့ ဒီနေရာမှာရောက်နေတာ တွေ့လိုက်ရတာပဲ"

နေခြည်က ချောက်ချားတုန်လှုပ်စွာ မေးလိုက်မိ၏။

"ဒါဆိုရင် ကျွန်မတို့ အခုရောက်နေတဲ့နေရာက အုတ်ဂူတစ်ခုခုထဲမှာ ရောက်နေကြတာလား"

"ကျွန်တော် သေသေချာချာတော့ မပြောနိုင်ဘူး၊ အုတ်ဂူ ဒါမှမဟုတ် မြေတွင်းတစ်တွင်းတွင်းထဲမှာ ရောက်နေ တာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် စဉ်းစားပါဦးရှင်၊ ကျွန်မတို့ ဒီနေရာက ဘယ်လိုလုပ်ထွက်မလဲ၊ မှောင်လိုက်တာကလည်း မည်းနေတာပဲ၊ ဘာမှမမြင်ရဘူး၊ ပြီးတော့ လှုပ်လို့လည်းမရဘူး၊ ကျဉ်းထဲကျပ်ထဲ ရောက်နေသလိုပဲ၊ ကျွန်မတို့ အခေါင်းတစ်ခုထဲသွင်းပြီး အုတ်ဂူသွင်းထားလိုက်ကြပြီလား မသိဘူးရှင့်"

"ဒါလည်းဖြစ်နိုင်တယ် နေခြည်၊ ဒါပေမဲ့ ကျွန်တော်တို့ မသေသေးတာတော့ သေချာတယ်"

"ကျွန်မထင်တယ်"

"ဘယ်လိုထင်တာလဲ နေခြည်"

"ကျွန်မတို့ရဲ့ရုပ်အခွံက တစ်နေရာမှာရှိနေပြီး ကျွန်မတို့ရဲ့စိတ်အနှစ်က ဒီနေရာကို ရောက်နေတာလားမသိဘူး၊ ကျွန်မတော့ အဲဒီလိုပဲထင်တယ်"

"ခင်ဗျားချစ်သူပြောတဲ့ ရုပ်အခွံနဲ့ စိတ်အနှစ်ကို ပြောတာမဟုတ်လား"

"ဟုတ်တယ် ကိုမင်းနိုင်၊ အဲဒီရုပ်အခွံနဲ့ စိတ်အနှစ်ပဲ၊ ကျွန်မတို့ ဒီနေရာရောက်နေတာဟာ ရုပ်အခွံအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာမဟုတ်နိုင်ဘူး၊ စိတ်အနှစ်အနေနဲ့ ရောက်နေတာဖြစ်မယ်''

''ဟုတ်တယ် နေခြည်၊ ကျွန်တော်စဉ်းစားမိပြီ၊ နေခြည်ရော ကျွန်တော်ပါ ဒီနေရာကို အိပ်ပျော်သလိုဖြစ်ပြီးမှ ရောက်လာကြတာမဟုတ်လား''

''ဟုတ်တယ် ကိုမင်းနိုင်၊ ဒါဆို ကျွန်မတို့ ဒီနေရာက ပြန်ထွက်သွားချင်ရင် ဘာလုပ်ရမလဲ''

''ဘာလုပ်ရမှာလဲ နေခြည်၊ ကျွန်တော်တို့နှစ်ယောက် အိပ်လိုက်ကြရုံပေါ့၊ ကျွန်တော်တို့ အိပ်ရာကနိုးရင် တခြားနေရာကို ရောက်ရင် ရောက်သွားနိုင်တယ်၊ ဒါဆိုရင် ဒီနေရာက လွတ်ပြီပေါ့''

''ဟုတ်တယ် ကိုမင်းနိုင်၊ ကျွန်မတို့ အိပ်ပျော်သွားရင် ဒီနေရာကနေပြီး တခြားတစ်နေရာရာကို ရောက်ရှိသွားနိုင်တယ်၊ ဟုတ်တယ် ...ဒါအမှန်ပဲ ကိုမင်းနိုင်၊ ကိုမင်းနိုင်ပြောမှ ကျွန်မ စဉ်းစားမိတယ်''

''အဲဒီတော့ ခင်ဗျားရော ကျွန်တော်ရော အိပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြရင် ကောင်းမယ်''

''ကောင်းတယ် ကိုမင်းနိုင်၊ စိတ်အနှစ်ဆိုတာ အိပ်ပျော်သွားလို့ နိုးလာခဲ့ရင် တစ်နေရာ တစ်နေရာကို ရောက်ရှိသွားတတ်တယ်ထင်တယ်၊ သူက ရုပ်အခွံလိုမဟုတ်ဘူး၊ ရုပ်အခွံက ဒီနေရာမှာအိပ်လိုက်၊ အိပ်ပျော်သွားလို့ နိုးလာခဲ့ရင် ဒီနေရာမှာပဲ ရှိနေတယ်၊ စိတ်အနှစ်ကတော့ ဒီလိုမဟုတ်ဘူး၊ ဒီနေရာမှာအိပ်လိုက် နိုးလာရင် တခြားတစ်နေရာရာကို ရောက်နေတတ်တယ်၊ ဟုတ်တယ် ... ကျွန်မတို့ အိပ်လိုက်ကြရအောင်၊ ဒါဆို နိုးလာရင် တစ်နေရာရာကို ရောက်နေမှာ သေချာတယ်''

''ဟုတ်တယ် နေခြည်၊ နေရာသစ်တစ်ခုခုကို ရောက်နေမှာ သေချာတယ်၊ ဒီလို မှောင်မည်းကျဉ်းကျပ်နေတဲ့ နေရာမျိုးမှာ ဘာမှန်းမသိဘဲ နေနေရတာထက်စာရင် နေရာသစ်တစ်ခုခုကို ရောက်သွားတာက ပိုကောင်းတာပေါ့၊ ဒါဆို ... အိပ်ပျော်အောင် အိပ်လိုက်တော့ နေခြည်''

''ကောင်းတာပေါ့ရှင်''



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူတို့နှစ်ယောက် အိပ်ပျော်သွားကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ပုံရိပ် [၅]

"နေခြည် ... သမီး ... သမီးလေး"

အသံက နားထဲကို တိုးဝင်လာသည်။ အဝေးကြီးမှ ာနေသည့်အသံ။

တခြားသောလောကမှ လာနေသောအသံ။ အသံက ာမှ နီးလာသည်။ တဖြည်းဖြည်း နီးလာသည်။

"နေခြည် သမီးလေး ... သမီးလေး"

www.burmeseclassic.com



နေခြည် ဖျတ်ခနဲ လန့်နိုးလာသည်။ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။

"ဟော သူ ... သူ သတိရလာပြီ"

နေခြည်မြင်လိုက်ရသည်က သူ့အနားတွင် သူ့ကို စိုးရိမ်တကြီး ကြည့်နေသော ဖေဖေ မေမေနှင့် ညီမလေး မမနှင့် အစ်ကို။

"သမီးလေး ... မထလိုက်နဲ့ဦး၊ အသာလေး လှဲနေလိုက်ဦး"

နေခြည် ခေါင်းညိတ်ပြလိုက်၏။ သူ့မခေါင်းထဲမှာ နည်းနည်းတော့ မကြည်မလင်ဖြစ်နေသေးသည်။ မျက်လုံး အစုံကို အသာပြန်မှိတ်ပြီး မှေးထားလိုက်သည်။ ခေါင်းထဲမှာ ဖြစ်ရပ်ဖြစ်စဉ်တွေက ဗွီဒီယိုရိုက်ကူးထားသလို အစီအစဉ် ပြန်ပေါ်လာသည်။

"ကို ... ကိုမင်းနိုင် ... ကိုမင်းနိုင်ရော"

နေခြည် မျက်လုံးကိုဖွင့်၍ မေးလိုက်သည်။

"ကို ... ကိုမင်းနိုင် ... ဟုတ်လား ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး”

မမရွှေရည်က ခုတင်ပေါ် တင်ပါးလွှဲဝင်ထိုင်ရင်း ေးသည်။

“သူ ... သူ ... ကိုမင်းနိုင်၊ သူလည်း နေခြည့်လို ိပ်ပျော်သွားတယ်၊ အခု နေခြည်က နိုးလာပြီ၊ သူရော ိပ်ပျော်နေတုန်းပဲလား မသိဘူး”

“မဟုတ်ဘူး နေခြည်၊ နေခြည် ကားတိုက်ခံရပြီး ရက်လုံးလုံး သတိမေ့မျောနေခဲ့တာ၊ မမတို့ စိုးရိမ်တကြီးနဲ့ စောင့်နေကြတာ၊ ညီမလေးနေခြည် အခုမှ သတိရလာတာ၊ ညီမလေးကို ခွဲစိတ်ဆရာဝန်ကြီးတွေ ကြိုးစားပမ်းစား ခွဲစိတ် ကုသခဲ့ကြရတယ်၊ ကံကောင်းလို့ ညီမလေးရယ် ... အခု တော့ ညီမလေး မသေနိုင်တော့ပါဘူး၊ ဆရာဝန်ကြီးတွေက လည်း စောစောလေးကတင် လာသွားတယ်၊

သူ မသေနိုင်တော့ပါဘူး၊ မကြာခင် သတိပြန်ရလာ တော့မှာပါတဲ့၊ အခု ညီမလေး သတိရလာပြီနော်”

နေခြည့်မိသားစုများ နေခြည့်ကို ကြည့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရင်ထဲတွင် ဝမ်းသာအားရ ဖြစ်နေကြသည်။

"မဟုတ်ဘူး မမရွှေရည်၊ နေခြည်နဲ့ အတူတူ အိ
ပျော်သွားခဲ့တဲ့ ကိုမင်းနိုင်ဆိုတဲ့ လူတစ်ယောက်ရှိတယ်
နေခြည်နဲ့သူ မြေတွင်းတစ်ခုထဲကို ရောက်သွားခဲ့တယ်၊ အဲ
. . . အဲဒါက မြေတွင်း ဟုတ်ချင်မှဟုတ်မယ်၊ မဟုတ်
လည်း မဟုတ်ဘူး။ မြေတွင်းမဟုတ်ရင် အုတ်ဂူလည်း ဖြ
ချင်ဖြစ်မယ်၊ အုတ်ဂူတစ်လုံးဆီထဲကို နေခြည်နဲ့သူ ရောက်
သွားခဲ့တယ်၊ ပြီးတော့ သူရော နေခြည်ရော အဲဒီအုတ်ဂူ
မှာ အိပ်ပျော်သွားခဲ့ကြတယ်၊ အခု နိုးလာတော့ နေခြည်
ဒီနေရာကိုရောက်နေပြီး သူက ဘယ်နေရာကို ရောက်သွား
မသိဘူး . . .။

သူလည်း နေခြည့်လိုပဲ ကားအက်ဆီးဒင့်ဖြစ်သွာ
တာ၊ သူ့နံဘေးက လိုက်ပါလာတဲ့ သူ့ချစ်သူ မိုးမိုးဦးဆို
ကောင်မလေးကတော့ ကားအက်ဆီးဒင့်ဖြစ်တဲ့နေရာမှာတ
ပွဲချင်းပြီး သေဆုံးသွားခဲ့တယ်"

"အို . . . ညီမလေး ဘာတွေလျှောက်ပြောနေတာ


www.burmeseclassic.com

www.burmeseclassic.com



သဲ ခဏလေး ပြန်မေးနေလိုက်ပါဦးလားကွယ်"

"မဟုတ်ဘူး မမရွှေရည်၊ ဒီ ကိုမင်းနိုင်ဆိုတဲ့လူ တယ်နေရာမှာ ပြန်နိုးလာသလဲ၊ နေခြည် သိချင်တယ်"

"မဖြစ်နိုင်တာ ညီမလေးရယ်"

"ကိုမင်းနိုင် ... ကိုမင်းနိုင် ... သူအိပ်ပျော်နေ ကွန်းပဲလား၊ ပြန်များနိုးသွားပြီလား၊ နိုးလာပြီဆိုရင်လည်း ဘယ်နေရာမှာ နိုးလာပြီလဲ ညီမလေး သိချင်တယ်"

ထိုအခိုက် နာ့စ်မတစ်ယောက် နေခြည်၏ လူနာ ဆောင်အနီးသို့ ရောက်လာသည်။

"ကျွန်မ ဒီလူနာကို ဆေးထိုးပေးမလို့ပါ"

"ဟုတ်ကဲ့ ... ထိုးပါ ဆရာမ"

နာ့စ်မက ဆေးမှတ်တမ်းဖိုင်ကို ကြည့်ရှုသည်။

"နေခြည်နော်"

"ဟုတ်ပါတယ်ရှင်"

နာ့စ်က နေခြည့်ကို ဆေးထိုးပေးသည်။

"ကိုမင်းနိုင် ... ကိုမင်းနိုင် ... ရှင် အိပ်ပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



တုန်းပဲလား ရှင်”

နေခြည်က နှုတ်မှ တတွတ်တွတ် ရေရွတ်နေသည်။ နေခြည့်စကားသံကြောင့် နှစ်မ အံ့သြသွားသည်။

ပြီးမှ ...

“ကိုမင်းနိုင် ...ဟုတ်လား”

ဟု မေးလိုက်သည်။ နေခြည်က ...

“ဟုတ်ပါတယ် ဆရာမ ...ကိုမင်းနိုင်ပါ၊ သူ့ကို ဆရာမ သိလို့လား၊ သူ့ကို ဆရာမ တွေ့ခဲ့လို့လားဟင်”

ဟု ဝမ်းသာအားရ မေးလိုက်သည်။ နေခြည့်မျက်လုံးတွေက အရောင်တောက်ပနေသည်။ နှစ်မက ...

“ကိုမင်းနိုင်ကို အစ်မသိပါတယ်”

ဟုပြောရာ နေခြည်က ...

“ကိုမင်းနိုင်က ကားအက်ဆီးဒင့်ဖြစ်ပြီး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားပါတယ်၊ သူနဲ့အတူ ကားပေါ်ပါလာ တဲ့ သူ့ချစ်သူ မိုးမိုးဦးကတော့ ကားအက်ဆီးဒင့်ဖြစ်တဲ့ နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်၊ ကိုမင်းနိုင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ . . .

. နှစ်မက အံ့ဩသွားသည်။

"ဒီက နေခြည် ဘယ်လိုလုပ်ပြီး ဒါတွေသိနေရတာလဲ . . . ဟင်၊ မနေခြည်ပြောတာတွေဟာ အားလုံးအမှန်တွေချည်းပဲ"

"ရှင်"

နေခြည်၏မိသားစုတွေအားလုံး အံ့ဩသွားကြသည်။ နေခြည် ဒါတွေကို ဘယ်လိုလုပ်သိနေသလဲ။ နှစ်မက . . .

"ဟုတ်ပါတယ်ရှင် ကိုမင်းနိုင်ဆိုတဲ့လူဟာ အခန်းအမှတ် (၂၃)မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ရောက်နေတာ ငါးရက်တိတိရှိပါပြီ၊ သူနဲ့အတူတူ ကားပေါ်မှာပါသွားတဲ့ သူ့ချစ်သူမိုးမိုးဦး ဆိုတာကတော့ ဒီက နေခြည်ပြောတဲ့အတိုင်း အက်ဆီးဒင့်ဖြစ်တဲ့နေရာမှာပဲ ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်"

ဟု ပြောရာ ရွှေရည်က . . .

"ဟင် . . . ဒါ . . . ဒါဆိုရင် ညီမလေးနေခြည် ကားတိုက်ခံရတဲ့နေ့နဲ့ အဲဒီကိုမင်းနိုင်ဆိုတဲ့သူ ကားအက်



www.burmeseclassic.com

www.burmeseclassic.com



ဆီးဒင့်ဖြစ်တဲ့နေ့က တစ်နေ့တည်းပဲပေါ့ ဆရာမ''

"ဟုတ်ပါတယ် . . . တစ်နေ့တည်းပါပဲ''

"ဒါဆိုရင် ဒီကိုမင်းနိုင်ဆိုတဲ့သူအကြောင်းကို ညီမ လေးက ဘယ်လိုလုပ်ပြီး သိရတာလဲဟင် ဆရာမ''

"ဒါတော့ ကျွန်မလည်း မသိပါဘူးရှင်''

ထိုအခိုက် နေခြည်က နာ့စ်မအား . . .

"ဒါဆိုရင် ဆရာမ ကိုမင်းနိုင် သတိရပြီလားဟင်''

ဟု မေးလိုက်ရာ နာ့စ်မက . . .

"သူ သတိမရသေးပါဘူးရှင်''

"သူ သတိမရသေးဘူး . . . ဟုတ်လား''

"ဟုတ်ပါတယ်''

"သူ့ဒဏ်ရာက ပြင်းထန်တဲ့အတွက် သူ မျက်လုံး နှစ်လုံးစလုံး ပေါက်ထွက်သွားတယ်မဟုတ်လား ဆရာမ ပြီးတော့ မျက်နှာအရေပြားအောက်က အရိုးမှန်သမျှ ကျိုးသွား လုနီးနီး ဖြစ်နေတယ်၊ ဦးနှောက်ကို ထိခိုက်မိတဲ့ဒဏ်ကြောင့် ညာဘက်ကိုယ်တစ်ခြမ်း လေဖြန်းသွားတယ်မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ''

"ဟင် ...ဒါတွေကို နေခြည်က ဘယ်လိုလုပ်ပြီး သိနေတာလဲ''

"နေခြည် သူနဲ့တွေ့ခဲ့တယ်၊ သူနဲ့ နေခြည်နဲ့ အုတ်ဂူ တစ်ခုစီထဲမှာလား။ ဒါမှမဟုတ် မြေတွင်းတစ်ခုစီထဲမှာလား မသိဘူး ... အိပ်ပျော်သွားခဲ့ကြတယ်၊ အခု နေခြည်ကတော့ နိုးလာပြီ၊ သူကတော့ နိုးမလာသေးဘူးဆိုတော့ သူ တစ်ခုခု ဖြစ်နေပြီထင်တယ်''

နေခြည့်စကားဆုံးသောအခါ နာ့စ်မက ...

"အင်း ...ကိုမင်းနိုင်ကတော့ အိပ်ပျော်နေရာ ကနေ နိုးလာဖို့ မလွယ်တော့ပါဘူး''

"ရှင် ...သူ သေများသွားပြီလား''

"သူမသေပါဘူး။ ဒါပေမဲ့ သေသလိုဖြစ်သွားတာ ပါပဲ၊ သူ အိပ်ပျော်နေတယ်၊ အိပ်ပေမယ့် သူ ဘယ်တော့ နိုးလာမလဲဆိုတာ ဘယ်သူမှ တိတိကျကျ မပြောနိုင်ပါဘူး''

"ရှင် ...သူ ဘာဖြစ်သွားလို့လဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



"သူ့ခေါင်းမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားပြီး COMA ဖြစ်သွားပါတယ်"

"ရှင် COMA ဆိုတာ ဘာလဲဟင် ဆရာမ"

"COMA ဆိုတာ အတိတ်မေ့ရောဂါတစ်မျိုးပါ၊ အသက်တော့ရှင်နေတယ် ... ဒါပေမဲ့ ဘာမှမသိတော့ဘူး၊ မေ့မျောနေသလို ဖြစ်နေတဲ့ ရောဂါပေါ့၊ တစ်နည်းပြောရရင် အိပ်ပျော်နေတယ်၊ မနိုးတော့ဘူး၊ ဘယ်တော့မှ မနိုးတော့ဘူး"

"ဟင် ... တော်တော်ဆိုးတဲ့ ရောဂါပါပဲရှင်"

ရွှေရည်က ဝင်ပြော၏။

"COMA ရောဂါ ခံစားနေရတဲ့ လူတစ်ယောက်ဟာ စိတ်ရောအသိပါ အမှောင်ထဲ ရောက်သွားကြပါတယ်၊ အသက်ရှင်လျက်နဲ့ သေနေသူလို့တောင် ဆိုနိုင်ပါတယ်"

"ရှင်"

နေခြည် အံ့သြတုန်လှုပ်သွားမိသည်။

"ဦးနှောက်ရဲ့ နာဗ်ကြောထွက်ရာ အစိတ်အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



(thalamns) ရဲ့ ထူးခြားတဲ့နေရာကို အောက်ဆီဂျင်အရောက်ကင်းမဲ့သွားတာကြောင့် COMA ဖြစ်လာရတာပါပဲ၊ COMA ဖြစ်ပြီဆိုရင် အဲဒီလူဟာ ရက်ပေါင်း, လပေါင်း, နှစ်ပေါင်းများစွာ မေ့မျောနေပါတယ်၊ သတိပြန်လည်လာလို့ မျက်လုံးတွေ ပွင့်လာနိုင်တယ်ဆိုရင်လည်း သူ့မှာရှိတဲ့ အသိအားလုံး ထုံထိုင်းပျောက်ကွယ်နေပြီး ဘာခံစားချက်မှ မရှိတော့သလို ဖြစ်နေတတ်တယ်၊ မျက်လုံးအကြည့်တွေက အတိတ်မေ့သူလို ကြောင်တောင်ကန်း ဖြစ်နေတတ်တယ် ...။

ပြောရရင်တော့ COMA ခံစားနေရာက သတိပြန်လည်လာတဲ့အချိန်မှာ သူတို့ဟာ ဘာမှနားလည်ခံစားလို့ရနိုင်တဲ့ အခြေအနေ မရှိတော့ပါဘူး။ COMA ဖြစ်သွားတဲ့ လူတစ်ယောက်ဟာ ပြန်လည်ကောင်းမွန်လာဖို့ အခြေအနေ မရှိပါဘူး၊ ဒီလိုပဲ မေ့မျောနေရင်းနဲ့ အသက်ဆုံးပါးသွားတာ အဖြစ်များပါတယ်"

"ဒါဆို ကျွန်မညီမလေးနေခြည်က ကံကောင်းတာပေါ့နော် ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတာပေါ့ရှင်၊ ကံမကောင်းတာကတော့ ကိုမင်းနိုင်ဆိုတဲ့ လူနာပါပဲ ...။

အမေရိကားမှာ COMA ခံစားနေရသူ (၁၅၀၀၀) တို့မှာ ထက်ဝက်ကျော်ဟာ ကားအက်ဆီးဒင့်၊ မော်တော်ဆိုင်ကယ်မှောက်မှုတွေကြောင့် ဦးခေါင်းကို ပြင်းပြင်းထန်ထန် ထိခိုက်မိပြီး ဖြစ်ကြသူတွေ များပါတယ် ...။

တချို့ကတော့ တိုက်ပေါ်ကပြုတ်ကျ၊ တိုက်ပြိုကျတုန်း ခေါင်းကိုထိမှန်၊ မူယစ်ဆေးဝါး အလွန်အကျွံသုံးစွဲ၊ ရေနစ်ခြင်း စတဲ့အဖြစ်အပျက်တွေကြောင့် ဦးနှောက်ထဲ အောက်ဆီဂျင်ပြတ် ပြီး COMA ရောဂါ ဖြစ်တတ်ပါတယ်"

"ဒါဆိုရင် ဆရာမ ကိုမင်းနိုင်ကကော အခုထက်ထိ သတိမေ့မျောနေတုန်းပဲပေါ့"

နေခြည်က ဝင်မေးလိုက်၏။

"ဟုတ်ပါတယ်၊ သူ အခုထက်ထိ သတိမေ့မျောနေတုန်းပါပဲ၊ သူ့ရဲ့အခြေအနေအရ COMA ဖြစ်နေပြီလို့ ပြောဆိုရပါတယ်၊ သူ့ဦးနှောက်ရဲ့ နှာ့ဝ်ကြောထွက်ရာ အစိတ်အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



(thalamns) ရဲ့ ထူးခြားတဲ့နေရာကို အောက်ဆီဂျင်အရောက် ကင်းမဲ့သွားပါပြီ''

''ကိုမင်းနိုင်ရယ် ... ရှင်အိပ်ခိုင်းလို့ ရှင်ရော ကျွန်မရော အိပ်ခဲ့ကြတယ်၊ အိပ်ပျော်ရာကနိုးရင် နေရာ တစ်နေရာရာကို ရောက်သွားလိမ့်မယ်လို့ ရှင်ပြောခဲ့တယ်၊ ရှင်ပြောတာ အမှန်ပဲ ... အခု ကျွန်မ နေရာသစ်ကို ရောက် ခဲ့ပြီလေ၊ ရှင်ကတော့ အိပ်ပျော်နေတုန်းပဲလား ...။

ဒါမှမဟုတ် ကျွန်မလိုပဲ နိုးလာပြီး နေရာတစ်ခုခု ဆီကို ရောက်သွားပြီလား၊ အဲဒီနေရာသစ်ဟာ ဘယ်လိုနေရာ မျိုးလဲ၊ ကောင်းတဲ့နေရာတစ်ခုလား၊ ဒါမှမဟုတ် ဆိုးတဲ့ နေရာတစ်ခုပဲလား ...ဒါကို ကျွန်မ မသိနိုင်တော့ပါဘူး၊ ရှင်ကိုယ်တိုင်ပဲ သိနိုင်တော့မှာပါ ကိုမင်းနိုင်ရယ် ...။

ဒါမှမဟုတ် ရှင်နဲ့ကျွန်မ ပိတ်မိနေခဲ့တဲ့ မြေတွင်း တစ်ခု ဒါမှမဟုတ် အုတ်ဂူတစ်ခုထဲမှာ ရှင် အခုအထိ အိပ် ပျော်နေတုန်းပဲလား၊ ကျွန်မတော့ မသိနိုင်တော့ပါဘူး ကိုမင်း နိုင်ရယ်''



www.burmeseclassic.com

www.burmeseclassic.com



နေခြည်က တီးတိုးရေရွတ် ညည်းညူလိုက်မိလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

COMA ဝေဒနာရှင်တစ်ဦးသည် ...

တစ်နှစ်၊ နှစ်နှစ်မှသည် ...

(၁၀)နှစ်၊ နှစ် (၂၀)ကျော်နှင့် သေဆုံးချိန်အထိတိုင်အောင် ဘာမှ အသိတရားမရှိတော့ဘဲ မေ့မျောနေတတ်လေသည်။

COMA ဝေဒနာရှင်၏ မိသားစု သိချင်နေသော မေးခွန်းတစ်ခုကတော့ ...

"COMA ဖြစ်နေသူ၏ စိတ်နှင့် ဝိညာဉ်တို့သည် ထိုအချိန်ကွင် သူ၏ကိုယ်တွင် ရှိမနေဘဲ ဘယ်ကိုထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



သွားနေသနည်း” ... ဟုပင် ဖြစ်ပါသည်။

ချစ်ဦးညို

www.burmeseclassic.com